www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# ကျောက်စိမ်းဒေါင်ပြာ

ကျင်းထုံဏ်ရှူးဝမ်ချူးလန်



www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## ကျောက်စိမ်းလိပ်ပြာ

( ပထမပိုင်း )

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

သစ်ပင်ပန်းမန်များဖြင့် စိမ်းစိုအုံ့ဆိုင်းနေသော ခြံဝင်းကြီး တစ်ခု ...။

ထိုခြံဝင်းကျယ်ကြီးထဲတွင် ကြီးကျယ်ခမ်းနားသော ဂေဟာကြီးတစ်လုံး ရှိနေသည်။

ထိုဂေဟာကြီးကား ...

သိုင်းလောက၏အထင်ကရဂေဟာကြီးများအနက် တစ်ခု အပါအဝင်ဖြစ်သော 'ရွှေကျားဂေဟာ' ပင် ဖြစ်ပေတော့၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျားဂေဟာ ...။

အနီရောင်အောက်ခံတွင် ရွှေရောင်ဖောင်းကြွစာလုံးဖြင့် ရွှေကျားဂေဟာဟု ရေးထိုးထားသည့် ဆိုင်းဘုတ်ကြီးသည် ထိုဂေဟာ၏ ခမ်းနားထည်ဝါမှုကို ဖော်ကျူးထားသလို ရှိနေပေသည်။

ထိုဆိုင်းဘုတ်အောက်ရှိ ခြံဝင်းကျယ်ကြီးသည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။

တိတ်ဆိတ်ငြိမ်သက်နေသောခြံဝင်းသို့ ဧည့်သည်တစ်ယောက် ရောက်ရှိလာသည်။

ထိုဧည့်သည်၏အမည်မှာ ...

စွန်းမင်းကျူးပင် ဖြစ်၏။

သူသည် ရွှေကျားဂေဟာ ခြံဝင်းကြီးအား တစ်ချက်မျှ အကဲခတ်ကြည့်လိုက်မိသည်နှင့် သူ၏မျက်နှာတစ်ခုလုံး လွန်စွာစိတ်ဓာတ်



ကျသွားသည့်ပုံဟန်များ ဖုံးလွှမ်းသွားလေသည်။

သူသည် ခြေလှမ်းကို ရပ်လိုက်ပြီး ရွှေကျားဂေဟာခြံဝင်းကြီးအား လှမ်းကြည့်လိုက်သည်။

ထို့နောက် သက်ပြင်းရှည်ချကာ ...

"အင်း ... ရွှေကျားဂေဟာကိုတော့ ရောက်ပြီ၊ ဘယ်လို အတားအဆီးတွေနဲ့ တွေ့မလဲတော့ မသိဘူး"

ခြံဝင်းတံခါးကိုကြည့်ပြီး စိတ်ထဲမှ ရေရွတ်ပြောဆိုလိုက်လေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



သူသည် ...

ဤနေရာသို့ ရောက်မလာမီ မကြာသေးသောအချိန်က တောင်ထိပ်မှနေ၍ ဤရွှေကျားဂေဟာကြီးအား သေချာ လေ့လာ အကဲခတ်ခဲ့သည်။

အပေါ်စီးမှ လေ့လာသောအခါ ရွှေကျားဂေဟာကြီး၏ ဟာကွက်များကို တွေ့ခဲ့ရသည်။

ထိုဟာကွက်များကြောင့် သူသည် ရွှေကျားဂေဟာအတွင်းသို့ အလွယ်တကူပင် ဝင်ရောက်နိုင်လိမ့်မည်ဟု ခပ်ပေါ့ပေါ့ပင် ထင်မှတ်ထားခဲ့သည်။

သို့သော် ...

ရွှေကျားဂေဟာ၏ဝင်ပေါက်ကို ရောက်ရှိသောအခါတွင်ကား ...



သူ၏ထင်မြင်ယူဆချက်များသည် နေရောင်ခြည်နှင့်ထိတွေ့သော နှင်းမှုန်များသဖွယ် ပျက်ပြယ်လွင့်ပါးသွားရလေတော့သည်။

သူသည် စိတ်ပျက်လက်ပျက်ဖြင့် အသာအယာ ခေါင်းခါယမ်းကာ ...

"အင်း ... မလွယ်ပါလား"

ဟု ညည်းတွားရေရွတ်လိုက်မိလေသည်။

ရွှေကျားဂေဟာသည် ...

ကြီးမားကျယ်ဝန်းသည်သာမက အုတ်နံရံကြီးများကလည်း မြင့်မားလှပေသည်။

စွန်းမင်းကျူးသည် ရွှေကျားဂေဟာခြံဝင်းဝ၌ အတန်ကြာအောင် ရပ်လျက် တွေဝေနေမိသည်။

ရွှေကျားဂေဟာ၏ ခြံဝင်းတံခါးကြီးသည် လွန်စွာပင် ရှေးဆန်လှ၏။

ကနုတ်ပန်းများဖြင့် ဆင်ယင်ထားသော ထုထည်ကြီးမားလှသည့် ကျွန်းတံခါးကြီး ဖြစ်ပေသည်။

ရှေးဆန်းသည့်အတိုင်း များစွာလည်း ခိုင်ခံ့လှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးသည် ရှေ့သို့ ဆက်လျှောက်လာ၏။

သူသည် အံကို တင်းတင်းကြိတ်လိုက်ပြီး ...

"မရရတဲ့နည်းနဲ့ အထဲရောက်အောင်ဝင်မယ်၊ ဒီဂေဟာက စစ်ဘုရင်တွေရဲ့ရဲတိုက် မဟုတ်ဘူး"

ယင်းသို့ မာန်သွင်းပြီး ဆုံးဖြတ်လိုက်သောအခါမှ အားအင်များ ဝင်ရောက်လာသည်။

အရာရာကို ရင်ဆိုင်နိုင်သည့် ခွန်အားများက ခန္ဓာကိုယ်အတွင်း ဝင်လာသည်။

အခက်အခဲများကို ကြောက်ရွံ့သည့်စိတ်များလည်း မရှိတော့ချေ။

ကြီးမားခိုင်ခံ့လှပသော ရွှေကျားဂေဟာခြံဝင်း၏ တံခါးမကြီးသည် စွန်းမင်းကျူး၏စိတ်ဓာတ်အား ပျော့ညံ့သွားအောင် မစွမ်းဆောင်နိုင်တော့ပါ။

သူ့ရှေ့၌ ကျောက်တောင်ကြီး ကာဆီးနေသည့်တိုင် သူသည် တွေဝေတုံ့ဆိုင်းနေတော့မည် မဟုတ်ချေ။

★



ထုထဲခိုင်ခံ့သော တံခါးကြီးသည် ကျောက်တောင်ကြီးအလား ကာဆီးနေ၏။

စွန်းမင်းကျူးသည် တံခါးမကြီးရှေ့၌ ရပ်လိုက်သည်။

ဤတံခါးမကြီးသည် သူ့အား ဟန့်တားနိုင်ပါမည်လော။

ဤတံခါးမကြီး၏ ကြီးမားခိုင်ခံ့မှုမှာ လက်ဖျားခါလောက်ဖွယ်ဖြစ်သည်။

ချို့ယွင်းချက် ဟာကွက်ဟူ၍ လုံးဝမရှိ။

ရွှေကျားဂေဟာ၏ခြံတံခါးမကြီးကား ...

လူပေါင်းများစွာဖြင့် ရိုက်ထုဖွင့်သည့်တိုင် ကျိုးပဲ့ထွက်နိုင်မည် မဟုတ်ချေ။

ခြံဝင်းတံခါးမကြီးအား ဖွင့်မပေးမချင်း မည်သူမျှ ရွှေကျားဂေဟာခြံဝင်းအတွင်းသို့ ဝင်ရောက်နိုင်မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



တံခါးမကြီးထိပ်တွင် ...

ရွှေရောင်တောက်ပနေသော ကျားရုပ်တစ်ခု ထွင်းထုထားသည်။

ကျားရုပ်သည် အသက်ပါလှ၏။ သံဖြင့်သွန်းလုပ်ထားသည့် ကျားရုပ်ပင်။

ကျားရုပ်အောက်တွင် ကြေးကွင်းကြီးများ ရှိ၏။

တစ်ခုထူးခြားသည်မှာ ...

ဤရွှေကျားဂေဟာ အဝင်ဝ၌ အစောင့်အကြပ်များ မရှိခြင်းပင်။

အစောင့်အကြပ်များမရှိခြင်းကြောင့် ရွှေကျားဂေဟာသည် အန္တရာယ်ကင်းဝေးသောဂေဟာဖြစ်သည်ဟု ယူဆရန် အကြောင်းရှိ၏။

အစောင့်အကြပ်များသည်ကား ခြံဝင်းအတွင်း၌သာ ရှိပုံရသည်။

ကျားရုပ်အောက်မှ ကြေးကွင်းများသည် ရွှေကျားဂေဟာမှ အစောင့်အကြပ်များကို လှုပ်ခတ်ခေါ်ယူနိုင်သော တစ်ခုတည်းသော အဆက်အသွယ်ပင်ဖြစ်သည်။



မြင်းစီးမှလာသောသူများသည် ထိုကြေးကွင်းအား လှုပ်ခတ်လိုက်မှသာလျှင် အတွင်းမှအစောင့်သည် အပြင်၌ လူရောက်ရှိနေကြောင်း သိရှိနိုင်မည်ဖြစ်သည်။

သို့မဟုတ်ပါက မည်သို့မျှ သိနိုင်စရာ အကြောင်းမရှိချေ။

နှုတ်မှအော်ခေါ်၍ဖြစ်စေ၊ တံခါးကိုလက်ဖြင့် ထုရိုက်၍ဖြစ်စေ အတွင်းမှလူအား ခေါ်ယူနိုင်မည်မဟုတ်ချေ။

ထို့ကြောင့် ...

စွန်းမင်းကျူးသည် အစောင့်များသိရှိနိုင်ရန် ကြေးကွင်းကြီးအား နှစ်ကြိမ် သုံးကြိမ်ခန့် ဆောင့်ဆွဲရိုက်ခတ်လိုက်လေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



'ဂျောင်း .. ဂျောင်း'

'ဂျောင်း .. ဂျောင်း'

ရွှေကျားဂေဟာ ခြံဝင်းအတွင်း၌ အချက်ပေး ခေါင်းလောင်းသံများ ဆူညံစွာ ထွက်လာသည်။

စွန်းမင်းကျူးသည် ခေါင်းလောင်းသံများ ငြိမ်သက်သွားအောင် တစ်ခဏမျှ စောင့်နေလိုက်သည်။

မကြာမီမှာပင် ...

ခေါင်းလောင်းသံများသည် ပြန်လည်တိတ်ဆိတ်သွား၏။

သို့သော် ...

အစောင့်များ ထွက်ပေါ်လာခြင်း မရှိပေ။

ထို့ကြောင့် စွန်းမင်းကျူးသည် ကြေးကွင်းကြီးအား ထပ်မံဆွဲလှုပ်ရန် လက်လှမ်းလိုက်သည်။



ထိုစဉ်မှာပင် ...

'ကျွီ'

ရွှေကျားဂေဟာ၏ခြံဝင်းတံခါးကြီးသည် ကျွီခနဲအသံပြုလျက် အနည်းငယ် ပွင့်လာလေတော့သည်။

တစ်ချိန်တည်းမှာပင် ...

တံခါးအတွင်းဘက်မှ ခေါင်းတစ်လုံး ပြူထွက်လာသည်။

ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် စကားသံတစ်သံလည်း ထွက်ပေါ်လာ၏။

"ဘယ်သူလဲ ... ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

အတွင်းဘက်မှ ခေါင်းပြူထွက်လာသူက မေးခွန်းထုတ်လိုက်ခြင်း ဖြစ်သည်။

သူ့အသံမှာ ခြံစောင့်တစ်ဦး၏အသံနှင့် တူသည်။

သို့သော် အသံမှာ မိုးခြိမ်းသကဲ့သို့ ရှိသည်။

ရုပ်ရည်ကလည်း အလွန်ဆိုးဝါးလှသည်။

အမှောင်ထဲ၌ ထိုရုပ်ရည်မျိုးကိုမြင်လျှင် မကောင်းဆိုးဝါးဟု ထင်မှတ်မှားနိုင်ပေသည်။

'သို့ရာတွင် ...

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဟန်ပန် ပုံပန်းသဏ္ဍာန်အရ ခြံစောင့်တစ်ဦးထက် အဆင့်မြင့်သိုင်းသမားတစ်ဦးအဖြစ် ပို၍ ပေါ်လွင်နေသည်။

အသက်မှာ ခြောက်ဆယ်ခန့်ရှိပြီဖြစ်သည့်တိုင် သန်မာဖျတ်လတ်နေဆဲပင်။

စွန်းမင်းကျူးသည် တံခါးလာဖွင့်ပေးသူအား အကဲခတ်လိုက်ပြီးနောက် ...

"ရွှေကျားဂေဟာပိုင်ရှင် ရွှေကျားဂိုဏ်းချုပ်စုချူးထင်းနဲ့ တွေ့ချင်လို့ပါ"

လာရင်းကိစ္စကို တိုတိုးပင် ပြောချလိုက်၏။

တံခါးစောင့်အဘိုးအိုသည် စွန်းမင်းကျူးအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

ပြီးမှ ...

"ရွှေကျားဂိုဏ်းချုပ်နဲ့ တွေ့ချင်လို့ ... ဟုတ်လား"

ဟု၍ သေချာအောင် မေးလိုက်သည်။

စွန်းမင်းကျူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

တံခါးစောင့်အဘိုးအိုသည် စွန်းမင်းကျူးအား ခြေဆုံးခေါင်း



ဆုံး အကဲခတ်လိုက်သည်။

သူ့ကဲ့သို့ အဘိုးအိုတစ်ဦးဖြစ်သော်လည်း အသံက နုပျိုနေသည်ဟု ထင်လိုက်မိသည်။

"ခင်ဗျား ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာကိစ္စနဲ့ ရွှေကျားဂိုဏ်းချုပ်ကို တွေ့ချင်ရတာလဲ"

တံခါးစောင့်အဘိုးက မေးခွန်းများကို ဆက်တိုက်ဆိုသလို မေးချလိုက်၏။

စွန်းမင်းကျူးက ပြုံးလိုက်ပြီး ...

"ကျုပ်နာမည်က စွန်းမင်းကျူးပါ။ တဖိုပြည်နယ်ကလာတာပါ။ ရွှေကျားဂိုဏ်းချုပ်ဆီက ပေးပို့လိုက်တဲ့စာကြောင့် သူ့ကို ကျုပ် လာတွေ့တာပါ"

တံခါးစောင့်အဘိုးအို၏မေးခွန်းကို စွန်းမင်းကျူးက ပြည့်စုံစွာ ပြန်ဖြေလိုက်သည်။

တံခါးစောင့်အဘိုးအို၏ မာထန်ထန်မျက်နှာပေးသည် အနည်းငယ် ပြေလျော့သွား၏။

"ဒါနဲ့ ခင်ဗျားက ဘယ်ဂိုဏ်းကလဲ"

ထိုအမေးကို ...

www.burmeseclassic.com

www.burmeseclassic.com



ဧည့်သည်တစ်ယောက်အနေနဲ့ သည်းခံရမည်ဖြစ်ကြောင်း စွန်းမင်းကျူး သိသည်။

သူသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး ...

ထို့နောက် ...

"ဘယ်ဂိုဏ်းကမှ မဟုတ်ပါဘူး"

"ဖြစ်မှဖြစ်ရလေဗျာ"

တံခါးစောင့်အဘိုးအိုက ပြောလိုက်၏။

စွန်းမင်းကျူးက အဘိုးအို ကျေနပ်သွားပြီထင်၍ ထပ်မံ ပြောလိုက်ပြန်သည်။

"ဟုတ်ပါတယ်ဗျာ ... ကျုပ်ဟာ ဘယ်ဂိုဏ်းကမှ မဟုတ်ပါဘူး၊ ရွှေကျားဂိုဏ်းချုပ်က ခေါ်လို့ လာတာပါဗျာ၊ မယုံရင် ရွှေကျားဂိုဏ်းချုပ်ကို သွားမေးကြည့်ပါ"

အဘိုးအိုမှာ ခေါင်းတယမ်းယမ်း ဖြစ်နေသည်။

"ဘယ်လိုလဲဗျာ ... ကျုပ်ကို ဝင်ခွင့်ပြုမှာလား၊ ဝင်ခွင့်မပြုဘူးလား"

စိတ်မရှည်သော စွန်းမင်းကျူးက ခပ်ဆတ်ဆတ် ပြောလိုက်သည်။



သူသည် ပြောပြောဆိုဆို တံခါးကိုတွန်းပြီး အတွင်းဝင်ရန် ပြုလိုက်သောအခါ အဘိုးအိုက တံခါးကို တင်းတင်းဆွဲပိတ်ပြီး ပြောသည်။

"ခင်ဗျားက အတွင်းပဲ ဝင်ခွင့်တောင်းနေတာကိုး၊ အထဲမှာ ဘာဖြစ်နေတယ်ဆိုတာကိုကော သိရဲ့လား"

စွန်းမင်းကျူးက စိတ်မရှည်စွာ ပြောလိုက်သည်။

"ဒါ ကျုပ်ကိစ္စမဟုတ်ဘဲ၊ သိဖို့လည်း လိုမယ်မထင်ပါဘူး"

တံခါးစောင့်အဘိုးအို၏မျက်နှာသည် တည်ကြည်လေးနက်သွားသည်။

သူ၏နှုတ်မှလည်း ...

"ရွှေကျားဂေဟာကို ဂိုဏ်းအသီးသီးက ဂိုဏ်းချုပ်ကြီးတွေ၊ သိုင်းပညာရှင်တွေ ရောက်နေကြတယ်"

ဟု အလေးအနက် ပြောကြားလိုက်၏။

စွန်းမင်းကျူးက စိတ်မဝင်စားဟန်ဖြင့် ပခုံးတစ်ချက် တွန့်လိုက်ပြီး ...

"ဒါလည်း ကျုပ်ကိစ္စမှမဟုတ်ဘဲ"

တံခါးစောင့်အဘိုးအိုသည် စွန်းမင်းကျူးအား အကဲခတ်၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်ဂိုဏ်းအဖွဲ့မှဖြစ်ကြောင်း အကဲခတ် ခန့်မှန်းနေခြင်း ဖြစ်သည်။

"ခင်ဗျားက ဘယ်ဂိုဏ်းကလဲ၊ ဘယ်ဂိုဏ်းကမှန်း မသိတော့ ကျုပ်က ဘယ်လိုလုပ်ပြီး ဝင်ဖွင့်ပြနိုင်မှာလဲ၊ အခုဟာက ဂိုဏ်းအသီးသီးက လာနေကြတာဗျ"

တံခါးစောင့်အဘိုးက ပြောလိုက်သည်။

စွန်းမင်းကျူးသည် တံခါးစောင့်အဘိုးအိုအား စေ့စေ့ကြည့်လိုက်ပြီး ...

"ဒါဆို ကျုပ်က ဘယ်လိုလုပ်ပြီး အထဲကိုရောက်အောင် ဝင်ရမှာလဲ"

တံခါးစောင့်အဘိုးအိုက ပြုံးလိုက်၏။

ပြီးမှ ...

"ကဲ ... ခင်ဗျား ဒီတံခါးပေါက်ကပဲ ဝင်ပါ၊ ဒါပေမဲ့ ကျုပ်ကတော့ ခင်ဗျားရဲ့ ပညာနဲ့ ဖြတ်ကျော်နိုင်မှ ဖြစ်လိမ့်မယ်၊ နို့မို့ရင် ကျွန်ုပ်ဗျား ခင်ဗျားကို လက်ခံမှာမဟုတ်ဘူး"

အစောင့်အဘိုးအို၏စကားကြောင့် ...

စွန်းမင်းကျူးက ရယ်လိုက်၏။



"ဟား ဟား ဟား ... ဒါများ စောစောကတည်းက ရှင်းရှင်းလင်းလင်း ပြောပါတော့လား၊ အလကား အချိန်ကုန်နေရတယ်"

အစောင့်အဘိုးအိုက ခပ်တည်တည်ပြန်ပြောသည်။

"လုပ်လိုက်လေ ... စမ်းကြည့်လိုက်ပေါ့"

စွန်းမင်းကျူးသည် အစောင့်အဘိုးအိုကို ပြုံးကြည့်ပြီး ဦးညွတ်ဂါရဝပြုလိုက်လေ၏။

သူ ခေါင်းမော့လိုက်သောအခါ သူ့လက်တစ်ဖက်သည် အဘိုးအို၏ပခုံးဆီသို့ လျှပ်တစ်ပြက် ရောက်ရှိသွားလေ၏။

အဘိုးအိုသည် ဘာမျှမပြောနိုင်ဘဲ စွန်းမင်းကျူး၏လျှပ်တစ်ပြက် အကြောပိတ်ခြင်းကို ခံလိုက်ရတော့သည်။

စွန်းမင်းကျူးသည် တံခါးစောင့်အဘိုးအိုကို ကျော်ဖြတ်ပြီး ရွှေကျားဂေဟာရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားလေတော့သည်။

တံခါးစောင့်အဘိုးအိုမှာမူ စွန်းမင်းကျူး၏သွေးကြောပိတ်ခြင်းကို ခံလိုက်ရသဖြင့် တောင့်တောင့်ကြီးဖြစ်လျက် ကျန်ရစ်ခဲ့လေတော့၏။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



သူ့အနေဖြင့် ထိတ်လန့်ကြောက်ရွံ့သွားခြင်း မရှိပါ။

အသက်အန္တရာယ် ထိခိုက်မည်ကိုလည်း စိုးရွံ့တုန်လှုပ်ခြင်း မဖြစ်မိပေ။

အကြောင်းမှာ ...

ထမင်းအိုးတစ်လုံးချက်အကြာတွင် သူ့အလိုအလျောက် သွေးကြောများ ပြန်ပွင့်သွားမည်ဖြစ်ကြောင်း သိရှိထားသောကြောင့် ဖြစ်ပေသည်။

★★★



## အခန်း (၂)

စွန်းမင်းကျူးသည် ရွှေကျားဂေဟာထဲသို့ ရောက်ရှိသွားပြီ ဖြစ်သည်။

အစောင့်အဘိုးအိုပြောသကဲ့သို့ ရွှေကျားဂေဟာအတွင်း၌ သိုင်းဂိုဏ်းအသီးသီးမှ ပညာရှင်များ ရောက်နေသည်ဆိုပါက ရွှေကျားဂေဟာကို အစောင့်အကြပ်များဖြင့် စောင့်ကြပ်နေသင့်ပေသည်။

ယခုတော့ အစောင့်အကြပ်တစ်ဦးကိုပင် မနည်းခေါ်ယူနေရသည်။

ထို့ကြောင့် ရွှေကျားဂေဟာ အရှင်သခင်ကြီး၏ စီမံပုံနည်းစနစ်တို့ကို သူ အံ့သြနေရသည်။

ခြံစောင့်အဘိုးအို ပြောသကဲ့သို့ပင် ရွှေကျားဂေဟာထဲ၌ သိုင်းလောကမှ သိုင်းပညာရှင်ကြီးများ၊ သိုင်းအဖွဲ့ခေါင်းဆောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များနှင့် အခြားအခြားသော ပရိသတ်များကို တွေ့ရှိရလေသည်။

သိုင်းပညာရှင်များသည် ရွှေကျားဂေဟာအတွင်းသို့ ဝင်ထွက်လှုပ်ရှားနေကြသည်။

ထိုလူအားလုံးတွင် ထူးခြားမှုတစ်ခု ရှိနေသည့်ကို စွန်းမင်းကျူး တွေ့ရှိလိုက်ရသည်။

ထိုထူးခြားမှုသည်ကား ...

★



ထူးခြားမှုမှာ ...

ထိုလူအားလုံးတို့သည် အနက်ရောင်အင်္ကျီရှည်ကို ဆင်တူဝတ်ဆင်ထားကြခြင်း ဖြစ်သည်။

ထို့ကြောင့် စွန်းမင်းကျူးမှာ အလွန်အမင်း အံ့ဩသွားရလေသည်။

ထိုသူအားလုံး ဝတ်ဆင်ထားသောဝတ်စုံများမှာ အသုဘအခမ်းအနားများကွင် ဝတ်ဆင်လေ့ရှိသည့် ဝမ်းနည်းခြင်းအထိမ်းအမှတ် အဝတ်အစားများပင် မဟုတ်ပါလော။

စွန်းမင်းကျူး ရင်ထိတ်သွားသည်။

"ရွှေကျားဂေဟာမှာ ဘာများဖြစ်နေကြပါလိမ့်"

သူသည် တွေးရင်း ဂေဟာထဲလျှောက်ဝင်လာ၏။

ထိုစဉ် ...

www.burmeseclassic.com

www.burmeseclassic.com

လူရွယ်တစ်ယောက်သည် စွန်းမင်းကျူး၏ရှေ့တည့်တည့်သို့ လျှောက်လာလေတော့သည်။

ထိုလူရွယ်က ...

"မိတ်ဆွေ ... ဂေဟာထဲကို ကြွပါခင်ဗျာ"

ထိုလူရွယ်က ဖိတ်ခေါ်သဖြင့် စွန်းမင်းကျူးမှာ အနေအထိုင်ချောင်ချိသွားသည်။

"ကောင်းပါပြီဗျာ"

ထိုလူရွယ်ခေါ်ဆောင်ရာနောက်သို့ စွန်းမင်းကျူး လိုက်ပါသွားလေတော့၏။



ရွှေကျားဂေဟာအတွင်း၌ လူများစွာ ရှိနေကြသည်။

စွန်းမင်းကျူးသည် ထိုလူရွယ်နှင့်အတူ ရွှေကျားဂေဟာအတွင်းရှိ ဧည့်ခန်းမသို့ ဝင်လိုက်သည်။

ဂေဟာအတွင်းမှ ထွက်လာကြသော အနက်ရောင်ဝတ်ဆင်ထားသော လူတချို့နှင့် ခန်းမအဝင်မှာ ဆုံမိကြသည်။

ဂေဟာအတွင်းမှ ထွက်လာကြသူများသည် စွန်းမင်းကျူးအား ဖိတ်ခေါ်လာသော လူရွယ်ကို နှုတ်ဆက်ကြသည်။

ထို့နောက် ...

သူတို့သည် စိတ်မကောင်းသောအမူအရာများလည်း ပြနေကြသည်။

ထိုလူရွယ်သည် ခေါင်းညိတ်ပြ၍ အသိအမှတ်ပြုသည်။

သူတို့၏ ထူးခြားသောအပြုအမူကြောင့် စွန်းမင်းကျူး

www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်အောင် ဖြစ်သွားရလေသည်။

မြင်ရကြားရသမျှ စွန်းမင်းကျူးအဖို့ ထူးဆန်းအံ့သြဖွယ်ရာချည်း ဖြစ်နေရသည် မဟုတ်ပါလော။

ထိုစဉ်မှာပင် ...

သူ့အား ခေါ်ဆောင်လာသော လူရွယ်သည် စွန်းမင်းကျူးအား ခန်းမအတွင်းသို့ ခေါ်ဆောင်သွားလေတော့၏။

★



ရွှေကျားဂေဟာ၏ခန်းမကြီးထဲတွင် လူအုပ်စုများသည် သူ့နေရာနှင့်သူ အစုလိုက် ဝိုင်းထိုင်နေကြသည်။,

ခန်းမထဲရှိ လူအုပ်စုများကို အကဲခတ်နေသည့် စွန်းမင်းကျူးအား လူရွယ်က လက်ညှိုးထိုးညွှန်ပြကာ ...

"ညှော်ခန်းကို ကြွပါခင်ဗျာ"

ဟု ပြောလိုက်၏။

လူရွယ်သည် ထိုသို့ပြောပြီးသည်နှင့် နောက်ကြောင်းလှည့်ကာ ပြန်လည်ထွက်ခွာသွားတော့သည်။

ထိုလူရွယ်သည် ညှော်ကြို့တာဝန်ကျသူ ဖြစ်ဟန်တူသည်။

ထို့ကြောင့် သူသည် တာဝန်တစ်ရပ် ပြီးဆုံးသွားသည်နှင့် နောက်ထပ်တာဝန်သစ်တစ်ရပ် ဆက်လက်ဆောင်ရွက်ရန် ထွက်ခွာသွားခြင်းဖြစ်မည်ဟု စွန်းမင်းကျူး ယူဆလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးက ခန်းမထဲ တစ်ချက်ဝေ့ကြည့်လိုက်၏။

အခန်း၏အလယ်တွင် ခေါင်းနက်ကြီးတစ်လုံး ခမ်းနားစွာ ပြင်ဆင်ထားသည်ကို တွေ့ရ၏။

"ဩော် ... ဒါကြောင့် ရွှေကျားဂေဟာမှာ ထူးခြားနေတယ်လို့ ထင်ထားတာ တစ်ယောက်ယောက် ဆုံးလို့ကိုး"

စွန်းမင်းကျူး စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

အမှန်စင်စစ် ...

ညှော်ခန်းမသည် အလွန်ကြီးကျယ်ခမ်းနားသော အခန်းကျယ်ကြီးတစ်ခု ဖြစ်သည်။

ညှော်ခန်းမထဲတွင် ဘဲဥပုံသဏ္ဍာန်ရှိသည့် အလွန်ကြီးမားသော စားပွဲကြီးတစ်လုံး ရှိ၏။

ထိုစားပွဲပေါ်တွင် အစားအသောက်မျိုးစုံကို ခင်းကျင်းပြင်ဆင်ထားသည်ကို တွေ့ရသည်။

ထိုစားပွဲကြီးအား ညှော်ပရိသတ်များက ဝိုင်းရံထိုင်ကြလျက် ရှိနေကြသည်။

ဝိုင်းရံထိုင်နေကြသော ညှော်ပရိသတ်မှာ တစ်ရာနီးပါးခန့် ရှိမည်ဟု ထင်မှတ်ရသည်။



ထိုလူများသည် ...

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းနှင့် ပတ်သက်နေကြသော မိတ်ဟောင်းဆွေဟောင်းများ ဖြစ်ကြပေလိမ့်မည်။

သို့မဟုတ် ...

ဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ကြီးများ သို့မဟုတ် သိုင်းဆရာကြီးများ ဖြစ်ကောင်းဖြစ်လိမ့်မည်။

စွန်းမင်းကျူးသည် ညှော်ခန်းမအား အကဲခတ်ကြည့်နေစဉ်မှာပင် ထူးခြားသောလှုပ်ရှားမှုတစ်ရပ် ရုတ်တရက် ဖြစ်ပေါ်လာသည်ကို တွေ့လိုက်ရ၏။

ထိုလှုပ်ရှားမှုမှာကား ...

★



www.burmeseclassic.com

www.burmeseclassic.com



ထိုလှုပ်ရှားမှုမှာ ...

ဇွန်းမင်းကျူးအား တစ်စုံတစ်ယောက်က လက်နက်ပုန်းတစ်ခုဖြင့် အကဲစမ်း၍ တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်လေသည်။

ထိုလက်နက်ပုန်းမှာ ...

ဝတ်မှုန်အဆိပ်အပ်ဟု သိုင်းလောကသို့ ထင်ရှားနေသော လက်နက်ပုန်းတစ်ခု ဖြစ်သည်။

ထိုအဆိပ်အပ်သည် အလွန်ထက်မြက်ထိရောက်သော အဆိပ်အပ်တစ်ချောင်းလည်း ဖြစ်သည်။

လူအုပ်ထဲရှိ ရွှေပုံလွှားဂိုဏ်းအစုအဖွဲ့တွင်းမှ ပစ်လိုက်ခြင်း ဖြစ်သည်။

ရွှေပုံလွှားထိုက်ရဲ့မှလွဲ၍ အခြားမည်သူမျှ မဖြစ်နိုင်။

'ဝှစ်'



လေတိုးသံတစ်သံ ဝှစ်ခနဲ ခပ်အုပ်အုပ်ထွက်ပေါ်လာပြီး ဇွန်းမင်းကျူးထံ လွင့်ပျံလာသည်။

ဇွန်းမင်းကျူးသည် ထိုလေတိုးသံကို ကြားသည်။

သူ့ဆီသို့ ဦးတည်လာသောအသံဖြစ်သည်ကို ကောင်းစွာ သိ၏။

သူသည် သူ့ဘေး၌ထိုင်နေသော တောင်ဝှေးကိုင် သိုင်းသမားကြီးတစ်ဦးအား ပြောလိုက်၏။

"ဆရာကြီး ... ဆရာကြီးရဲ့တောင်ဝှေးက ကျွန်တော့် ဘယ်ဘက်ကို လာထောက်နေပါတယ်၊ ဆရာကြီး ဒီဘက်ကို လာပါလားခင်ဗျာ"

အဆိပ်အပ်သည် သူ့ညာဘက်မှ လာနေခြင်းဖြစ်၍ အဘိုးအို၏တောင်ဝှေးကို ညာဘက်သို့ လှမ်းပို့လိုက်လေ၏။

ထိုစဉ် ...

အဆိပ်အပ်သည် တောင်ဝှေးကို လာစိုက်သည်။

'ထောက်'

ဇွန်းမင်းကျူး ပြုလုပ်လိုက်သည်မှာ သွားရင်းဟန်လွှဲ ပြုလိုက်သကဲ့သို့ပင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တုံ့ပြန်မှုသည် မတော်တဆ တိုက်ဆိုင်မှုသဘောပင် ဖြစ်နေလေသည်။

သို့သော် ...

ယင်းမတော်တဆမှုသည်ပင်လျှင် ပရိယာယ်ပါသော သဘောတစ်ရပ်ပင် ဖြစ်တော့သည်။

ဤသို့မဟုတ်လျှင် ...

ထိုက်ရဲ့ ပစ်လွှင့်လိုက်သော ဝတ်မှုန့်အဆိပ်အပ်သည် သူ၏ မျက်နှာတည့်တည့်သို့ လာရောက်စိုက်ဝင်သွားမည်မှာ သေချာလှ ပေသည်။

ထိုစဉ်မှာပင် ...

ရွှေပုံလွှား ထိုက်ရဲ့သည် ရုတ်တရက် ခုန်ထလိုက်သည်။

သူ၏ခန္ဓာကိုယ်သည် အလယ်၌ ကန့်လန့်ခြားထားသော စားပွဲအား လွှားခနဲ ကျော်လိုက်သည်။

သူ၏ခန္ဓာကိုယ်သည် စွန်းမင်းကျူးနှင့် ခြေလှမ်းဆယ်လှမ်း ခန့်အကွာသို့ ဖွေ့ခနဲ ကျရောက်လာသည်။

'ဝှီး ...' ဖပ်'

ရွှေပုံလွှားထိုက်ရဲ့၏လှုပ်ရှားမှုကြောင့် ...



ရောက်ရှိနေကြသောပရိသတ်များသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြကုန်လေ့သည်။

သို့ရာတွင် ...

စွန်းမင်းကျူးကမူ လုံးဝ ဘာမှမဖြစ်သကဲ့သို့ ဂရုမစိုက်ဘဲ ဆက်လက်ထိုင်နေလေသည်။

ထိုက်ရဲ့၏လှုပ်ရှားမှုသည် သူနှင့် ဘာမျှမပတ်သက်ဆိုင်သကဲ့သို့ ပင်။

သူသည် သူ့ရှေ့၌ရှိနေသော သစ်သီးတစ်လုံးကိုပင် လက် လှမ်း၍ နှိုက်လိုက်သေး၏။

ရွှေပုံလွှား ထိုက်ရဲ့က စွန်းမင်းကျူးအား အော်ဟစ်မေးမြန်း လိုက်သည်။

"ဟိတ် ... ခင်ဗျား ဘယ်သူလဲ"

ရွှေပုံလွှားထိုက်ရဲ့သည် အတွင်းအားထုတ်၍ မေးလိုက်ခြင်း ဖြစ်ရာ သူ၏အသံလည်း ဟိန်း၍ထွက်ပေါ်လာလေသည်။

အတွင်းအားနည်းသော သိုင်းသမားများ၏နားထဲ၌ အူသွား ကြသည်။

ထိုအသံသည် ...

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူး၏နားထဲသို့ လှိုင်းလုံးကြီးများ ဝင်လာသကဲ့သို့ ဖြစ်သော်လည်း စွန်းမင်းကျူးမှာ ကောင်းစွာ ခံနိုင်ရည်ရှိလေသည်။

သို့ရာတွင် ...

ရွှေကျားကိုဏ်းချုပ် စုချူးထင်း၏ညီ စုထင်းဝမ်နှင့် စုချူးထင်း၏သမီးဖြစ်သူ စုချူးမေတို့မှာမူ အထိတ်တလန့်ဖြင့် ထ၍ မတ်တတ်ရပ်လိုက်မိကြလေသည်။

ထိုက်ရဲ့က ထပ်မံမေးလိုက်ပြန်လေသည်။

"ဟေ့ ... မေးနေတာ မကြားဘူးလား"

ထိုအခါမှ ...

စွန်းမင်းကျူးသည် ထိုက်ရဲ့အား အသာအယာပြန်ကြည့်ကာ အေးဆေးသောလေသံဖြင့် ...

"ဩော် ... ကျုပ်ကို မေးနေတာထင်တယ်၊ ကျုပ်က ရွှေကျားကိုဏ်းချုပ်စုချူးထင်းနဲ့ တွေ့ဖို့လာတာပါ"

ထိုက်ရဲ့က ဒေါသကြီးစွာဖြင့် ...

"ကျုပ်မေးနေတာ ဒါမဟုတ်ဘူး၊ ခင်ဗျား ဘယ်သူလဲဆိုတာ မေးနေတာ"

စွန်းမင်းကျူးက ပြုံးလိုက်ပြီး ...



"ကျုပ်နာမည် စွန်းမင်းကျူးပါ"

ထိုက်ရဲ့ မျက်မှောင်ကြုတ်သွားသည်။ အနည်းငယ် ဇဝေဇဝါဖြစ်သွားဟန်ဖြင့် ...

"ခင်ဗျား ဘယ်ဂိုဏ်းကလဲ၊ သိုင်းလောကမှာ ဒီနာမည် မကြားမိပါလား"

ထိုက်ရဲ့၏အသံမှာ စွန်းမင်းကျူးအား လွန်စွာအထင်သေးဟန် ပေါက်နေသည်။

စွန်းမင်းကျူး၏စိတ်ထဲ၌ ဤအဘိုးကြီးသည် သူ့ကို ပြဿနာရှာနေသည်ဟု သိလိုက်သည်။

သူသည် အခြားသူများကဲ့သို့ ဧည့်သည်တစ်ဦးပင် ဖြစ်သည်။

ဧည့်သည်အများအပြားရှိသည့်အနက် မိမိအား ကွက်၍ ဤသို့ဆက်ဆံရန်မသင့်ဟု ထင်သည်။

ထိုစဉ်မှာပင် ထိုက်ရဲ့၏အနားသို့ စုချူးမေနှင့် စုထင်းဝမ်တို့ ရောက်လာကြသည်။

သူတို့တူဝရီးနှစ်ယောက်သည် စွန်းမင်းကျူးအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးမှာ စိတ်ပျက်လက်ပျက် ဖြစ်သွားလေဟန်ဖြင့် ...

"ဘယ်ဂိုဏ်းကမှ မဟုတ်ဘူးဗျ၊ ဘာဖြစ်လို့ ကျုပ်ကို ပညာစမ်းရတာလဲ"

ဟု ထိုက်ရဲ့ကို လှမ်းမေးသည်။

ထိုက်ရဲ့က စွန်းမင်းကျူး၏မျက်နှာအား စေ့စေ့ကြည့်လိုက်ပြီး ...

"ခင်ဗျားကို သိုင်းလောကမှာလည်း မမြင်ဖူးပါလား"

စွန်းမင်းကျူးက ပခုံးတွန့်ကာ ...

"ဟုတ်မှာပေါ့ဗျာ၊ ကျုပ်က သိုင်းလောကထဲ လျှောက်သွားနေတဲ့သူမှ မဟုတ်တာ"

စွန်းမင်းကျူး၏အမူအရာမှာ ခပ်ပေါ့ပေါ့နှင့် အေးတိအေးစက်ပင် ဖြစ်၏။

သူ၏အမူအရာကြောင့် ထိုက်ရဲ့သည် စဉ်းစားရကျပ်သွားရလေသည်။

စုချူးမေနှင့် စုထင်းဝမ်တို့ကမူ ဘာမျှဝင်မပြောဘဲ နှုတ်ဆိတ်နေကြသည်။



သူတို့သည် ထိုက်ရဲ့နှင့် စွန်းမင်းကျူးတို့ကြားတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ ရပ်၍သာ နားထောင်နေကြလေတော့သည်။

ထိုက်ရဲ့က စွန်းမင်းကျူးအား အကဲခတ်ဟန်ဖြင့် ကြည့်လိုက်ပြီး ...

"ခင်ဗျားကို သိုင်းလောကမှာ မမြင်ဖူးပေမယ့် အကဲခတ်ရတာတော့ အဆင့်မြင့်သိုင်းသမားတစ်ယောက်ပုံပဲ"

စွန်းမင်းကျူးက မျက်လုံးတစ်ချက် ပင့်လိုက်ပြီး ...

"ဖြစ်မှဖြစ်ရလေဗျာ ... အဆင့်မြင့်သိုင်းသမား ပုံစံပေါက်တိုင်း ခင်ဗျားတို့က ပညာစမ်းတော့တာပဲလားဗျ"

ထိုက်ရဲ့က ...

"ကျုပ်ပစ်လွှင့်လိုက်တဲ့လက်နက်ပုန်းအဆိပ်အပ်ကို ခင်ဗျားခုခံကာကွယ်နိုင်လိုက်တာပဲ မဟုတ်လား"

စွန်းမင်းကျူးက နားမလည်ဟန်ဖြင့် ...

"ဘာ လက်နက်ပုန်း ... ဟုတ်လား၊ ဘယ်တုန်းက ခင်ဗျားပစ်လိုက်တာလဲ၊ ကျုပ်ကို ပစ်လိုက်တာလား ... ဟုတ်လား၊ ကျုပ်သိတောင် မသိလိုက်ရပါလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးက မှင်သေသေဖြင့် မသိကျိုးကျွန်ပြု၍ ပြန်မေးလိုက်ရာ ထိုက်ရဲ့မှာ တစ်ချက်ကြောင်သွားလေသည်။

ပြီးမှ ဟက်ခနဲရယ်ကာ ...

"ခင်ဗျား အခုမှ ဘာမသိကျိုးကျွန်ပြုနေတာလဲ၊ ကျုပ် ပစ်လိုက်တော့ ခင်ဗျားက တောင်ဝှေးနဲ့ ခံတယ်၊ အဲဒီမှာ ကျုပ် အဆိပ်အပ်စိုက်နေတာပေါ့၊ ခင်ဗျား ရှုးကြောင်ကြောင် လုပ်မနေနဲ့၊ အဲဒီ တောင်ဝှေးထိပ်မှာ ကျုပ်အဆိပ်အပ် ရှိနေတယ်"

စွန်းမင်းကျူးက ပြုံးလိုက်ပြီး ...

"သြော် ... ဟုတ်လား၊ ကျုပ်ဖြင့် ခင်ဗျား ဘယ်အချိန်က ပစ်လိုက်တယ်ဆိုတာ မသိပါဘူးဗျာ၊ ကဲ ... ခင်ဗျား အဆိပ်အပ်ကို ကျုပ် ဖြုတ်ပေးပါ့မယ်"

စွန်းမင်းကျူးသည် ယင်းသို့ပြောပြီး တောင်ဝှေးထိပ်၌ စိုက်ဝင်နေသော အဆိပ်အပ်၇လက်နက်ပုန်းကို ဆွဲနှုတ်လိုက်သည်။

ထို့နောက် ထိုက်ရဲ့ထံသို့ ပြန်ပစ်ပေးလိုက်သည်။

'ဗွစ်'

အဆိပ်အပ်သည် လေကိုခွင်း၍ ထိုက်ရဲ့ထံသို့ ပြေးဝင်သွားပေ၏။



ထိုက်ရဲ့သည် အဆိပ်အပ်အား လက်ဝါးသိုင်းဖြင့် တစ်ချက် ပြန်ရိုက်လိုက်သည်။

'ခွင်း'

ဟူသောအသံ ထွက်ပေါ်သွားလေသည်။

အဆိပ်အပ်သည် ထိုက်ရဲ့လက်ကောက်ဝတ်၌ ပတ်ထားသော သံပြားကိုထိကာ စွန်းမင်းကျူးထံသို့ ပြန်လှည့်သွားသည်။

စွန်းမင်းကျူးက မဲ့ပြုံးပြုံးလိုက်သည်။

"မိတ်ဆွေကြီးက ကျုပ်ကို တကယ်ပဲ အနှောင့်အယှက်ပေးနေတာကိုး"

စွန်းမင်းကျူးသည် ယင်းသို့ပြောရင်း ပြေးဝင်လာသော အဆိပ်အပ်ကို ရိုက်ထုတ်ပစ်လိုက်သည်။

အဆိပ်အပ်နှင့်တောင်ဝှေး ထိတွေ့ပြီး 'ထန်း' ဟူသောအသံ မြည်ဟည်းထွက်ပေါ်လာသည်။

ထို့နောက် ...

အဆိပ်အပ်သည် ဝဲဘက်ထောင့်သို့ လွင့်စဉ်ကာ အခန်းထောင့်ရှိ ခေါင်းတလားအား အရှိန်ပြင်းစွာ ထိမှန်သွားလေတော့၏။

'ဒေါင်'

www.burmeseclassic.com

www.burmeseclassic.com



အသံတစ်ချက် ထွက်ပေါ်လာ၏။

တစ်ဆက်တည်းမှာပင် ...

'ဝုန်း'

ဟူသော အသံတစ်ချက် ထွက်ပေါ်လာကာ ခေါင်းတလား၏အဖုံးကြီး ပွင့်ထွက်သွားလေတော့၏။

★



မည်သူမှ မျှော်လင့်မထားသောဖြစ်ရပ်ကြောင့် အားလုံးပါးစပ်အဟောင်းသား ဖြစ်ကုန်ကြသည်။

"ဟာ"

"ဟင်"

"အို"

စုချူးမေနှင့်စုထင်းဝမ်တို့နှစ်ယောက် ထိတ်လန့်တကြားဖြစ်သွားကြကုန်၏။

သူတို့နှစ်ယောက်သည် ခေါင်းတလားကြီးအား ပါးစပ်အဟောင်းသားဖြင့် ငေးကြောင်ကြည့်နေမိကြတော့၏။

ထိုစဉ်မှာပင် ...

ထိုက်ရှဲ၏စကားသံက ကျယ်လောင်စွာ ထွက်ပေါ်လာပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လေးစားလောက်ပါတယ်ဗျာ ... ခင်ဗျားရဲ့ပညာကို ဂုဏ်ပြုချင်ပါတယ်၊ ခေါင်းတလားကြီးမှာရှိတဲ့ လျှို့ဝှက်ခလုတ်ကိုတောင် ထိမှန်ပွင့်ထွက်သွားအောင် တိုက်ခိုက်နိုင်တာဆိုတော့ ခင်ဗျားရဲ့ ပညာဟာ တော်ရုံတန်ရုံ မဟုတ်ဘူး"

ထိုက်ရဲ့၏စကားဆုံးသွားသည်နှင့် ပွင့်သွားသော ခေါင်းတလားအတွင်းမှ လူတစ်ယောက် ခုန်ထွက်လာတော့သည်။

မည်သူတစ်ဦးတစ်ယောက်မျှ မျှော်လင့်ထင်မှတ်ထားသည့် ဖြစ်ရပ် မဟုတ်ပါချေ။

ခေါင်းတလားအတွင်းမှ လူသေအလောင်းသည် ရုတ်တရက် ခုန်ပျံထွက်လာလိမ့်မည်ဟု မည်သူက မျှော်လင့်ထားပါမည်နည်း။

★



အံနက်ရောင် ခေါင်းတလားကြီးအတွင်းမှ ခုန်ပျံထွက်လာသော အလောင်းကောင်ကြီးကား အခြားသူမဟုတ်။

ရွှေကျားဂိုဏ်းချုပ်ကြီး စုချူးထင်းပင် ဖြစ်ပေတော့၏။

အားလုံး ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြလေသည်။

မယုံကြည်နိုင်သော မျက်လုံးများဖြင့်သာ ငေးကြောင်ကြည့်နေကြကုန်တော့၏။

သူတို့သည် ရွှေကျားဂိုဏ်းချုပ်ကြီး ကွယ်လွန်သွားကြောင်း အသိပေးစာ ရရှိသဖြင့် အသုဘအခမ်းအနားသို့ တက်ရောက်လာခဲ့ကြသူများ ဖြစ်သည်။

ယခုမူ ...

ရွှေကျားဂိုဏ်းချုပ်ကြီးသည် ခေါင်းတလားအတွင်းမှ အရှင်လတ်လတ် ပြန်လည်ထွက်လာနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြည့်ပရိသတ်အားလုံး မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်သွားကြကုန်တော့သည်။

ရွှေကျားဂိုဏ်းချုပ်ကြီးကား အမှန်တကယ် မသေပါချေတကား။

"ဂိုဏ်းချုပ်ကြီးခင်ဗျား ကျန်းခံ့သာလို့မာပါစ"

အများနှင့်မတူ အံ့သြခြင်းမရှိသော စွန်းမင်းကျူးက နှုတ်ခွန်းဆက်သလိုက်ခြင်း ဖြစ်သည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက ပြုံးလိုက်ပြီး ...

"ကျန်းမာပါတယ် ငါ့တူ"

ရွှေကျားဂိုဏ်းချုပ်ကြီး၏ တုံ့ပြန်ပြောဆိုမှုကလည်း ထူးဆန်းနေပြန်လေသည်။

ထိုက်ရဲ့၊ စုထင်းဝမ်၊ စုချူးမေနှင့် အခြားအခြားသော သိုင်းလောကသားတို့သည် စွန်းမင်းကျူးကိုကြည့်ပြီး များစွာအံ့သြသွားမိကြလေသည်။

သူတို့၏အကြည့်များသည် ရွှေကျားဂိုဏ်းချုပ် စုချူးထင်းအားတစ်လှည့်၊ စွန်းမင်းကျူးကိုတစ်လှည့် အကဲခတ်ကြည့်နေကြသည်။



သူတို့၏စိတ်ထဲတွင် ရွှေကျားဂိုဏ်းချုပ် စုချူးထင်းနှင့် စွန်းမင်းကျူးတို့၏ ပြောဆိုဆက်ဆံကြပုံနှင့် အသက်အရွယ်အပိုင်းအခြားကို မှန်းဆချိန်တွက်နေပုံရလေသည်။

ယခုအနေအထားအရဆိုလျှင် ...

ရွှေကျားဂိုဏ်းချုပ် စုချူး ထင်းသည် စွန်းမင်းကျူးလောက်အသက်ကြီးရင့်ပုံမရသေး။

ထိုသို့ ကြီးရင့်ပုံမရသော ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက စွန်းမင်းကျူးအား အဘယ်ကြောင့် ငါ့တူဟု သုံးနှုန်းလိုက်ရပါသနည်း။

အသက်အရွယ်မကွာခြားသူနှစ်ယောက်က တူဝရီးသဖွယ်ဆက်ဆံနေကြသည်မှာ ထူးခြားလှ၏။

ထိုအချက်သည်ပင်လျှင် ၎င်းတို့အတွက် စဉ်းစားစရာဖြစ်နေကြသည်။

ထိုစဉ် ...

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းထံမှ စကားသံ ထွက်ပေါ်လာ၏။

"ထို့တူ စွန်းမင်းကျူး ဘယ်လိုဖြစ်ပြီး အခုလို အဘိုးအိုပုံစံနဲ့ လာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးက ရွှေကျားဂိုဏ်းချုပ် စုချူးထင်းအား စေ့စေ့ကြည့်လိုက်ပြီး ...

"ဂိုဏ်းချုပ်ကြီးစုကကော ဘယ်လိုဖြစ်ပြီး အခုလို လူသေကောင်ပုံစံကနေ လူရှင်တစ်ယောက် ဖြစ်လာရတာလဲ"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... ဒါကတော့ ကျုပ်ကိစ္စနဲ့ ကျုပ်အကြောင်းပေါ့ကွာ"

စွန်းမင်းကျူးက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ဒီလိုဆိုရင် ကျွန်တော်ကလည်း ကျွန်တော့်ကိစ္စနဲ့ကျွန်တော့်အကြောင်းကြောင့် အခုလို အဘိုးကြီးဖြစ်နေရတာပါပဲလို့ ပြောရတော့မှာပေါ့ခင်ဗျာ"

ထိုအခါ ...

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း ဘာမှပြန်မပြောတော့ပါ။ ပြုံးရုံသာ ပြုံးနေလေသည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းနှင့် စွန်းမင်းကျူးတို့၏အပြန်အလှန် ပြောဆိုနေကြသော စကားများကြောင့် ခန်းမထဲရှိ သိုင်းသမားများသည် သို့လော သို့လောဖြင့် ဇဝေဇဝါ ဖြစ်ကုန်ကြသည်။



သူတို့အားလုံးအတွက် နားလည်ရခက်သော ပဟေဠိသဖွယ်လည်း ဖြစ်နေကြရသည်။

ထိုစဉ်မှာပင် ...

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက စကားဆက်လိုက်ပြန်သည်။

"ကျုပ်ပေးလိုက်တဲ့စာကို ငါ့တူစွန်းမင်းကျူး အလေးထားတာကို သိရတဲ့အတွက် ကျုပ် ပြောမပြလောက်အောင် ဝမ်းသာရပါတယ်"

စွန်းမင်းကျူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ... ဒါကြောင့်လည်း ကျွန်တော် ဂိုဏ်းချုပ်ကြီးရဲ့ဂေဟာကို အချိန်မီရောက်လာတာပေါ့ခင်ဗျာ"

စုချူးမေသည် စွန်းမင်းကျူးကို တစ်လှည့်၊ ဖခင်ကြီး စုချူးထင်းကိုတစ်လှည့် ကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်နေရှာတော့သည်။

ထိုသို့စကားပြောနေကြစဉ် လူရိပ်တစ်ခုသည် ရိပ်ခနဲ ခန်းမထဲ ခုန်ဝင်လာပြီး စွန်းမင်းကျူးပေါ်သို့ လျှပ်တစ်ပြက် ခုန်အုပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးသည် ရိပ်ခနဲလှုပ်ရှားမှုကို တွေ့မြင်လိုက်သည်နှင့် လက်ဝါးဖြင့် ဆတ်ခနဲ ရိုက်ချလိုက်ရာ ...

'ဝုန်း'

ထိုလူရိပ်သည် အရုပ်ကြိုးပြတ် လွင့်စဉ်သွားလေ၏။

ထိုလူကား ...

စောစောက စွန်းမင်းကျူး အကြောဝိတ်ခဲ့သော တံခါးစောင့်အဘိုးအိုပင် ဖြစ်လေတော့သည်။

တံခါးစောင့်အဘိုးအိုသည် ဒယီးဒယိုင်ဖြင့် ထလာပြီး ရွှေကျားဂိုဏ်းချုပ်ကြီးကို တိုင်တန်းလေ၏။

"ဂိုဏ်းချုပ်ကြီး ... ဒီလူဟာ ကျွန်တော့် ခွင့်ပြုချက်မရဘဲ အတင်းဝင် ..."

သူ၏စကားမဆုံးမီမှာပင် ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက လက်ကာပြလိုက်သည်။

"ကိစ္စမရှိပါဘူး၊ သူက ငါ့မိတ်ဆွေပါ။ ကဲ ကဲ ... မင်း စောင့်ရမယ့်တံခါးပေါက်မှာသာ သွားစောင့်"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက အေးဆေးဆေးဆေး ပြောလိုက်သည်။



ထို့ကြောင့် တံခါးစောင့်အဘိုးအိုမှာ ပါးစပ်ပိတ်ကာ ခပ်ကုပ်ကုပ်ပင် ရွှေကျားဂေဟာ၏ဧည့်ခန်းဆောင်ထဲမှ ထွက်ခွာသွားလေသည်။

ရွှေကျားဂိုဏ်းချုပ်သည် ၎င်း၏မိတ်ဆွေအပေါင်းအသင်းများ ရှိနေရာ စားပွဲဘက်ကို မျက်နှာမူလိုက်သည်။

ထို့နောက် ... ကျယ်လောင်သောအသံဖြင့် စတင်ပြောဆိုလိုက်၏။

"ကြွရောက်လာကြတဲ့ သိုင်းပညာရှင်ကြီးများနဲ့တကွ ဂိုဏ်းအသီးသီးမှ ဂိုဏ်းချုပ်ကြီးများခင်ဗျား ... အခု ကျုပ်ရဲ့ ရွှေကျားဂေဟာကို ရောက်လာတဲ့ စွန်းမင်းကျူးဟာ အသက်နှစ်ဆယ့်သုံးနှစ်သာရှိသေးတဲ့ သိုင်းပညာရှင်တစ်ယောက် ဖြစ်ပါတယ်"

ထိုစကားကို ကြားလိုက်ရသောအခါ ...

ခန်းမထဲရှိ သိုင်းပညာရှင်များ လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေသည်။

၎င်းတို့သည် စွန်းမင်းကျူးအား မယုံနိုင်သောအကြည့်များဖြင့် ကြည့်ကြလေ၏။

အံ့သြသည့်အကြည့်၊ စူးစမ်းသည့်အကြည့်များ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

ရွှေကျားဂိုဏ်းချုပ်၏အသံ ဆက်လက်ထွက်ပေါ်လာပြန်လေသည်။

"စွန်းမင်းကျူးရဲ့ဆရာ ကျင်းတုံဟာ ကျုပ်နဲ့ပညာသင်ဘက်ဂိုဏ်းတူ ညီအစ်ကို တော်စပ်ပါတယ်၊ အခု အစ်ကိုကြီးကျင်းတုံ ကွယ်လွန်သွားပြီဖြစ်တဲ့အတွက် စွန်းမင်းကျူးကို ကျုပ်ရဲ့ ရွှေကျားဂေဟာကို ခေါ်လိုက်ခြင်း ဖြစ်ပါတယ်၊ ခေါ်ရတဲ့အကြောင်းကလည်း ဒီလိုပါခင်ဗျာ"

ခန်းမဆောင်ထဲရှိ သိုင်းလောကသားများသည် ငြိမ်သက်စွာ နားထောင်နေကြသည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက အားလုံးကို ဝေ့ကြည့်ပြီး စကားဆက်လိုက်သည်။

"စွန်းမင်းကျူးကို ဒုတိယဂိုဏ်းချုပ်အဖြစ် ခန့်အပ်ဖို့ ကျုပ်အနေနဲ့ ဆင့်ခေါ်ဖိတ်ကြားလိုက်တာပါ၊ အဲဒီအတွက် ကြွရောက်လာကြတဲ့ မိတ်ဆွေများကို ကျုပ် မေတ္တာရပ်ခံချင်တာ တစ်ခုရှိပါတယ်၊ အဲဒါက ဘာလဲဆိုတော့ ကျုပ်ရဲ့ပရိယာယ်တစ်ရပ်ကို ဝန်ချတောင်းပန်ဖို့ပါပဲ ခင်ဗျာ"



ဧည့်ပရိသတ်များသည် တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သက်စွာပင် နားထောင်နေကြကုန်၏။

ရွှေကျားဂိုဏ်းချုပ်က စကားဆက်လိုက်ပြန်သည်။

"ကျုပ်အနေနဲ့ မိတ်ဆွေတို့ကို ရိုးရိုးသားသား ဖိတ်ခေါ်ချင်ပေမယ့် အဲဒီလိုသာ ရိုးရိုးသားသားဖိတ်ခေါ်မယ်ဆိုရင် အကုန်အစင် ကြွရောက်လာမယ်မထင်လို့ အခုလို ကျုပ် ကွယ်လွန်သွားတဲ့ပုံစံ ပရိယာယ်ဆင်ပြီး မိတ်ဆွေတို့ကို ဖိတ်ခေါ်လိုက်ရတာ ဖြစ်ပါတယ်၊ အဲဒီအတွက် ကျုပ်ကိုခွင့်လွှတ်ဖို့ ပထမဆုံး အနူးအညွတ် မေတ္တာရပ်ခံပြီး တောင်းပန်ပါတယ်ဗျာ"

ခန်းမထဲရှိ သိုင်းလောကဧည့်ပရိသတ်များသည် ဘာမျှပြန်မပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေကြဆဲပင် ဖြစ်ပါသည်။

သို့သော် ...

ကြွရောက်လာကြသော သိုင်းလောကသားများ၏ မျက်နှာအမူအရာများမှာ စွန်းမင်းကျူးအား သိပ်ပြီး ဘဝင်ကျကျေနပ်ပုံမရကြပေ။

သိုင်းလောကသားများသည် စွန်းမင်းကျူးအား အကဲခတ်သောမျက်လုံးများဖြင့် စူးစူးရဲရဲကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကို စွန်းမင်းကျူးအနေဖြင့် ကောင်းစွာရိပ်စားမိ သည်။

သူလို သိုင်းလောကမျက်နှာစိမ်းတစ်ယောက်ကို နေရာပေး ရန် သူတို့အတွက် ခက်ခဲနေပုံရသည်။

ထိုစဉ်မှာပင် ...

ရွှေပျံလွှားထိုက်ရဲ့က ကျယ်လောင်သောအသံဖြင့် အား လုံးကြားအောင် ပြောလိုက်လေသည်။

"ဂိုဏ်းချုပ်ကြီးစုကို ကျုပ် တစ်ခုလောက် ပြောချင်ပါတယ်၊ ပြောခွင့်ပြုပါ"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက ရွှေပျံလွှားထိုက်ရဲ့အား လှမ်းကြည့်လိုက်ပြီး ...

"ပြောပါ"

ဟု ခွင့်ပြုလိုက်၏။

ထိုအခါမှ ...

ထိုက်ရဲ့က စွန်းမင်းကျူးဘက်သို့ မျက်လုံးဝေ့ကြည့်လိုက် ပြီး ...

"ဂိုဏ်းချုပ်ကြီးစုပြောတဲ့ စကားနဲ့ပတ်သက်ပြီး ကျုပ်အနေ



နဲ့ ဒီက စွန်းမင်းကျူးဆိုတဲ့လူကို ဘယ်လိုနားလည်ရမှာလဲ"

သူ၏လေသံသည် အနည်းငယ် အေးစက်မာကျောနေ၏။

သူသည် စွန်းမင်းကျူးအား မကျေမနပ်ဖြစ်နေပုံရသည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက ရွှေပျံလွှားထိုက်ရဲ့အား စေ့စေ့ကြည့်လိုက်ပြီး ...

"မိတ်ဆွေကြီး ... ဘာကိုဆိုလိုတာလဲ၊ အားလုံး ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် ပြောပါ"

ထိုက်ရဲ့က ခေါင်းညိတ်လိုက်ပြီး ...

"ဒီလိုပါ ... ဂိုဏ်းချုပ်ကြီးပြောတဲ့အတိုင်းသာဆိုရင် သူဟာ အသက်နှစ်ဆယ့်သုံးနှစ်ပဲ ရှိပါသေးတယ်၊ ဒီအသက်အရွယ်နဲ့ သိုင်းလောကရဲ့ဂိုဏ်းကြီးတစ်ခုဖြစ်တဲ့ ရွှေကျားဂိုဏ်းမှာ ဒုတိယဂိုဏ်းချုပ်အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်ဖို့ဆိုတာ အင်မတန် အတွေ့အကြုံနုပါသေးတယ်၊ ဒီလောက် ငယ်ရွယ်တဲ့လူငယ်တစ်ယောက်ကို ရွှေကျားဂိုဏ်းရဲ့ ဒုတိယဂိုဏ်းချုပ်နေရာမှာ ခန့်မယ်ဆိုရင်တော့ ရွှေကျားဂိုဏ်းရဲ့ ရှေ့ကံကြမ္မာဟာ မတွေးဝံ့စရာပါပဲဗျာ"

ဧည့်ပရိသတ်များ၏သဘောမှာလည်း ထိုနည်းနှင်နှင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုက်ရဲ့က ဆက်၍ ပြောဆိုရှင်းလင်းလိုက်ပြန်၏။

"ကျုပ် ဘာကြောင့်ပြောရတယ်ဆိုတာ ဂိုဏ်းချုပ်ကြီး နားလည်လိမ့်မယ်လို့ ထင်ပါတယ်၊ ခင်ဗျားတို့ ရွှေကျားဂိုဏ်းနဲ့ ရွှေပျံလွှားဂိုဏ်းဟာ ညီအစ်ကိုဂိုဏ်းတွေပဲ၊ ဒီကိုရောက်လာကြတဲ့ ဂိုဏ်းချုပ်ကြီးတွေကလည်း ခင်ဗျားနဲ့ ညီအစ်ကိုလို၊ မိတ်ဆွေလိုနေကြတဲ့ လူတွေပါပဲ၊ ဒါကြောင့် ကျုပ်က ရွှေကျားဂိုဏ်းရဲ့အနာဂတ်ကို မျှော်တွေးပြီး ပြောရတာပါ"

သူ၏စကားကို နားစွင့်နေကြသော သိုင်းလောကဇည့်ပရိသတ်များ လှုပ်လှုပ်ရှားရှား ပြန်လာကြပြီး ...

"ဟုတ်တယ် ... ကျုပ်တို့လည်း ခင်မင်လို့ လာကြတာပဲ"

"ဂိုဏ်းချုပ်ကြီးထိုက်ရဲ့ပြောတာ မှန်တယ်"

"ကျုပ်တို့ကတော့ သဘောမတူနိုင်ဘူး"

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုလာကြကုန်လေ၏။

ရွှေပျံလွှားဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးထိုက်ရဲ့၏စကားအဆုံး၌ သိုင်းလောကဧည့်ပရိသတ်များထဲမှ တစ်ခဲနက် ထွက်ပေါ်လာသည့် ကန့်ကွက်သံများပေတည်း။



ဤသို့ဖြင့် ...

တစ်ယောက်တစ်ခွန်း ပြောဆိုသံများသည် ခန်းမဆောင်ကြီးတစ်ခုလုံးအား ဆူညံသွားစေလေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



ခန်းမဆောင်တွင်းမှ သိုင်းလောကပရိသတ်များ၏တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုသံများ ညံစီသွားလေသည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက လက်နှစ်ဖက်မြှောက်ပြလိုက်ပြီး ...

"မိတ်ဆွေများခင်ဗျာ ... ခဏလောက် သည်းခံပြီး နားထောင်ကြပါဦး"

သူသည် သိုင်းလောကသားများအား အနူးအညွတ် မေတ္တာရပ်ခံလိုက်သည်။

ထို့ကြောင့် ခန်းမကြီးထဲတွင် ဆူညံနေသော သိုင်းလောကသားများသည် ပြန်လည်၍ ငြိမ်သက်သွားကြလေသည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက ငြိမ်သက်သွားသော သိုင်းလောကသားများကို အကဲခတ်သလို တစ်ချက်ကြည့်ကာ ...



"စွန်းမင်းကျူးဟာ အသက်အရွယ်ငယ်တာ မှန်ပါတယ်၊ ဒါပေမဲ့ တတ်ကျွမ်းထားတဲ့ သိုင်းပညာကတော့ တကယ့်ကို ကြောက်ခမန်းလိလိပါပဲဗျာ"

သူ၏စကားဆုံးသွားသည်နှင့် ငြိမ်သက်နေသော သိုင်းလောကများသည် ပြန်လည်ဆူညံလာကြသည်။

"ကျုပ်တို့တော့ မယုံဘူးဗျို"

"ဒါ ဟုတ်နိုင်ပါ့မလား"

"သူ့ပညာကို ကျုပ်တို့ စမ်းသပ်ချင်တယ်"

တစ်ခဏအတွင်းမှာပင် ...

တိတ်ဆိတ်နေရာမှ တစ်ယောက်တစ်ပေါက် ပြောဆိုသံများဖြင့် ပြန်လည်ဆူညံလာကြပြန်လေသည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏စိတ်ထဲတွင် သိုင်းလောကသားများ၏ ပြောဆိုပုံများအတွက် အတော်ပင် မကျေမနပ်ဖြစ်သွားမိသည်။

တကယ်တော့ ...

ရွှေကျားဂိုဏ်းတွင် ဒုတိယဂိုဏ်းချုပ် ခန့်အပ်သည့်ကိစ္စမှာ ရွှေကျားဂိုဏ်း၏ကိစ္စသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယဂိုဏ်းချုပ်မကောင်း၍ အကျိုးဆုတ်ယုတ်စရာရှိလျှင် ရွှေကျားဂိုဏ်း၏အကျိုး ဆုတ်ယုတ်မှုသာ ရှိပါလိမ့်မည်။

သိုင်းလောကသားများ၏အကျိုး ဆုတ်ယုတ်ပျက်စီးစေ မည် မဟုတ်ပါ။

ယခုတော့ ...

မဆီမဆိုင် ဝင်ပါနေခြင်းကို ဂိုဏ်းချုပ်ကြီး စုချူးထင်းအနေ ဖြင့် ဘဝင်မကျဖြစ်မိလေသည်။

သို့သော် ...

ညီရင်းအစ်ကိုသဖွယ် ကောင်းကျိုးလိုလားသဖြင့် ပြောဆို နေခြင်းဟု ဆိုသဖြင့် မလွှဲမရှောင်သာ အောင့်အည်းသည်းခံနေလိုက် ရလေသည်။

ထို့အတူပင် စွန်းမင်းကျူးမှာလည်း သူ့အား အထင်အမြင် သေး ပိုင်းဝန်းဆန့်ကျင်နေသဖြင့် စိတ်ထဲ မကျေမနပ်ဖြစ်သွားမိ သည်။

ထိုစဉ်မှာပင် သိုင်းလောကသားများ ပြောဆိုနေသည်ကို ငြိမ်သက်စွာ ခပ်မဆိတ်နားထောင်နေသော ရွှေပျံလွှားဂိုဏ်းချုပ် ထိုက်ရဲ့က ကြားဖြတ်ဝင်ပြောလိုက်သည်။



"ဒီလိုဆိုရင် ဂိုဏ်းချုပ်ကြီး စုကို ကျုပ် တစ်ခုလောက် မေး ချင်ပါတယ် ခင်ဗျာ၊ အဲဒါက တခြားမဟုတ်ပါဘူး"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက ထိုက်ရဲ့ဘက်သို့ လှည့် လိုက်သည်။

ထိုက်ရဲ့သည် စွန်းမင်းကျူးအား လက်ညှိုးထိုးလိုက်ပြီး ...

"သူက ဘာဖြစ်လို့ အခုလို အဘိုးအိုတစ်ယောက် ဟန် ဆောင်ပြီး ရွှေကျားဂေဟာကို ရောက်လာရတာလဲ"

ထိုစကားကြောင့် သိုင်းလောကသားများ တိတ်ဆိတ်ငြိမ် သက်သွားကြသည်။

မှန်သည် ...။

ထိုကိစ္စသည် မေးသင့်မေးထိုက်သောကိစ္စပင် ဖြစ်၏။

စွန်းမင်းကျူး မည်သို့ တုံ့ပြန်မည်ကို သူတို့ သိချင်နေကြ သည်။

"ဒါက ဒီလိုရှိပါတယ်"

ထိုစကားကို ပြောလိုက်သူမှာ ...

တစ်ချိန်လုံး ငြိမ်သက်စွာနားစွင့်နေသော စွန်းမင်းကျူး ကိုယ်တိုင်ပင် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်းတို့အားလုံးကို လေးစားပါတယ် ခင်ဗျာ၊ ခုလို ကျွန်တော် အဘိုးအိုတစ်ယောက်လို ဝတ်ဆင်လာတာဟာ လူကြီးမင်းတို့အတွက် အနှောင့်အယှက်ဖြစ်စရာ အကျိုးယုတ်စရာများ ဖြစ်နေပါသလား၊ တကယ်လို့ အနှောင့်အယှက်ဖြစ်နေတယ်၊ တစ်စုံတစ်ယောက်ရဲ့အကျိုးစီးပွားကို ထိခိုက်နေမယ်ဆိုရင်တော့ ပွင့်ပွင့်လင်းလင်း ပြောပါ၊ ကျွန်တော် လူကြီးမင်းတို့ ကျေနပ်တဲ့အတိုင်းအတာအထိရောက်အောင် ဝန်ချတောင်းပန်ပါ့မယ်"

စွန်းမင်းကျူး၏စကားကြောင့် ရွှေပုံလွှားဂိုဏ်းချုပ် ထိုက်ရဲ့မှာ ဘာမျှမပြောနိုင်အောင် ဖြစ်သွားရတော့သည်။

★★★



## အခန်း (၃)

စွန်းမင်းကျူး၏စကားက မှန်ကန်နေသည်။

သူ၏ အဘိုးအိုတစ်ယောက်ကဲ့သို့ ဟန်ဆောင်မှုသည် မည်သူ့ကိုမှ ထိခိုက်နစ်နာစေသည် မဟုတ်ချေ။

ထို့ကြောင့်လည်း ...

သိုင်းလောကသားများသည် တစ်စုံတစ်ရာ စောဒကတက်ခြင်းမရှိဘဲ ခပ်မဆိတ်ငြိမ်နေကြခြင်း ဖြစ်ပေသည်။

ထိုက်ရဲ့မှာမူ စွန်းမင်းကျူးအား ပို၍မကျေမနပ်ဖြစ်သွားလေသည်။

သူ ပညာစမ်းလိုက်သည်ကို စွန်းမင်းကျူးက အေးအေးဆေးဆေး တုံ့ပြန်အနိုင်ယူသွားသည်ကို မခံချိမခံသာ ဖြစ်နေမိတော့သည်။

သူ အဆိပ်အပ်ဖြင့် ပစ်လိုက်သည့် တစ်ခဏတွင် စွန်းမင်း

www.burmeseclassic.com

www.burmeseclassic.com



ကျူး ဒဏ်ရာရသွားသည်ကို သူ မြင်လိုလှသည်။

သို့သော် ...

သူဖြစ်စေချင်သလို ဖြစ်မလာ။

သူ့စမ်းသပ်ချက် မအောင်မြင်သည့်အတွက်လည်း သူ့တွင် ရှက်စိတ်ဖြစ်ပေါ်နေသည်။

ထိုအခါ ထိုက်ရဲ့သည် စွန်းမင်းကျူးအား စေ့စေ့ကြည့်လိုက်ပြီး...

"စွန်းမင်းကျူး ... မင်း ဒီလို အဘိုးအိုယောင် ဆောင်လာတာ မင်းမှာ အကြောင်းတစ်စုံတစ်ရာရှိလို့ မဟုတ်လား၊ ဘာအကြောင်းလဲဆိုတာ အများသိအောင် ဖွင့်ပြောသင့်တာပေါ့"

ထိုက်ရဲ့မှာ အကြောင်းမရှိ အကြောင်းရှာပြီး စွန်းမင်းကျူးကို ပြဿနာလုပ်နေသည်။

စွန်းမင်းကျူးက ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

ထို့နောက် ပခုံးတစ်ချက် တွန့်လိုက်ပြီး ...

"အကြောင်းရှိပါတယ်လို့ စောစောက ပြောခဲ့ပြီးပြီပဲ၊ ဒီအကြောင်းက ဘာလဲဆိုတာတော့ ခင်ဗျား ဆက်မမေးပါနဲ့၊ မေးလည်း အပိုပဲ၊ ကျွန်တော် မဖြေနိုင်ဘူး"



သူ၏စကားကြောင့် ထိုက်ရဲ့သည် ပို၍ဒေါသထွက်သွားလေတော့၏။

သူသည် ဘယ်လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး ညာဘက်လက်ကို တစ်နေရာသို့ ရွှေ့ပြောင်းလိုက်သည်။

ထိုအပြုအမူကြောင့် ...

ထိုက်ရဲ့တိုက်ခိုက်တော့မည်ကို စွန်းမင်းကျူး သိလိုက်သည်။

ထို့ကြောင့် ...

စွန်းမင်းကျူးသည် အသင့်အနေအထားဖြင့် ထိုက်ရဲ့အား ပြန်လည်တိုက်ခိုက်ရန် ပြင်ဆင်ထားလိုက်တော့သည်။

ထိုက်ရဲ့အား ကြောက်၍မဟုတ်ပါ။

သို့သော် သူ့အနေဖြင့် ထိုက်ရဲ့အား ဣန္ဒြေသိက္ခာရှိရှိ ပြန်လည်ခုခံနိုင်ဖို့တော့ လိုအပ်သည်မဟုတ်ပါလား။

သူသည် ထိုက်ရဲ့အား ပုံပျက်ပန်းပျက် မခုခံလိုချေ။

ထိုက်ရဲ့သည် ရှေ့သို့ တစ်လှမ်းတိုးလိုက်၏။ ပြီးနောက် လေသံမာမာဖြင့် ...

"ရွှေကျား‌ဂေဟာမှာ ဒုတိယဂိုဏ်းချုပ်ရာထူးကို ဆက်ခံချင်

www.burmeseclassic.com

www.burmeseclassic.com



ရင် လွယ်လွယ်နဲ့ဆက်ခံလို့ မရဘူး၊ အများလက်ခံနိုင်တဲ့ သိုင်းပညာ စွမ်းရည်တစ်ခုခုတော့ ပြရလိမ့်မယ်"

သူသည် စကားကို ရပ်တန့်ပြီး ရွှေကျားဂိုဏ်းချုပ်စုချုး ထင်းထံသို့ တစ်ချက်ကြည့်လိုက်သည်။

အတန်ကြာမှ ချောင်းတစ်ချက် ဟန့်လိုက်ပြီး ...

"အဲဒီတော့ ဒီက မိတ်ဆွေကြီး စွန်းမင်းကျူးနဲ့ကျွန်တော် တို့အတွက် သိုင်းပညာစွမ်းရည်ပြိုင်ပွဲတစ်ခုကို ဂိုဏ်းချုပ်ကြီးစုက ကျင်းပပေးပါလို့ ကျွန်တော် တောင်းဆိုပါတယ်"

သူ၏စကားသံဆုံးသွားသည်နှင့် သိုင်းလောကသားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

"ဟေး ... ဟုတ်တယ်ဗျို့"

"ဟုတ်တယ် ... ဟုတ်တယ်"

'ဖြောင်း ဖြောင်း ဖြောင်း'

ထို့နောက် ကျေနပ်သဘောကျသွားဟန်ဖြင့် လက်ခုပ်သံ များ တဖြောင်းဖြောင်း ထွက်ပေါ်လာသည်။

ရွှေကျားဂိုဏ်းချုပ် စုချုးထင်းကမူ လုပ်သင့်မလုပ်သင့် စဉ်းစားနေသည်။



စုထင်းဝမ်နှင့်စုချုးမေတို့သည် စွန်းမင်းကျူးအား လှမ်း၍ အကဲခတ်ကြည့်ရှုနေကြသည်။

စွန်းမင်းကျူးကမူ လုံးဝ တုန်လှုပ်ခြင်းမရှိဘဲ ခပ်တည်တည် ပင် ရပ်နေလေသည်။

သိုင်းစွမ်းရည်ပြိုင်ပွဲ လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ သူ့အနေဖြင့် တစ်စုံတစ်ရာ ထူးခြားသွားမည့်ပုံ မပေါ်ချေ။

စွန်းမင်းကျူးသည် စုချုးမေအား စိုက်ကြည့်လိုက်သည်။

သူ၏အကြည့်ကြောင့် စုချုးမေမှာ မနေတတ်သလို ခေါင်း ငုံ့သွားလေသည်။

ထိုစဉ်မှာပင် ...

"စွန်းမင်းကျူး ... မင်း ဘယ်လိုသဘောရသလဲ"

ရွှေကျားဂိုဏ်းချုပ် စုချုးထင်းက စွန်းမင်းကျူးအား လှမ်း မေးလိုက်သည်။

စွန်းမင်းကျူးက အေးဆေးစွာပင် ခေါင်းညိတ်ပြလိုက်လေ သည်။

"ဟုတ်ကဲ့ ... ဒါ အမှန်ကန်ဆုံးပါပဲ ဂိုဏ်းချုပ်ကြီး၊ အဲဒီကိစ္စ ကိုသာ အမြန်ဆုံးဖြစ်အောင် စီစဉ်ပါတော့ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ...

သိုင်းလောကသား ဧည့်ပရိသတ်များထံမှ တစ်ယောက်တစ်ခွန်း စကားသံများ ထွက်ပေါ်လာပြန်လေသည်။

"ဟုတ်တယ် ... ဒီလိုစီစဉ်မှ သဘာဝကျမှာ"

"မှန်တယ်ဟေ့"

"အမြန်ဆုံး စီစဉ်ပါဗျို့"

သိုင်းလောကသား ဧည့်ပရိသတ်များထံမှ တစ်ယောက်တစ်ခွန်း အော်ဟစ်သံများ ထွက်ပေါ်လာသည်။

စုထင်းဝမ်သည် စွန်းမင်းကျူးအား မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

သူ၏အကြည့်မှာ အလွန်အသိရခက်သော အကြည့်မျိုး ဖြစ်သည်။

စွန်းမင်းကျူးက သူ၏အကြည့်ကို အရေးမလုပ်ဘဲ ရှေ့ကျား ဝိုဏ်းချုပ် စုချူးထင်းဘက်လှည့်ကာ အရိုအသေပြုလိုက်သည်။

ထို့နောက် သူ၏မျက်နှာပေါ်၌ တပ်ဆင်ထားသော မျက်နှာဖုံးကို ဆွဲခွာလိုက်တော့သည်။

ထိုအခါ စွန်းမင်းကျူး၏ပင်ကိုရုပ် ပေါ်လာလေ၏။ စော



စောက မြင်တွေ့ရသော အဘိုးအိုရုပ်သည် ရုတ်တရက် ပျောက်ကွယ်သွား၏။

စွန်းမင်းကျူးသည် အဘိုးအိုတစ်ယောက် မဟုတ်တော့ပေ။ စောစောက မြင်တွေ့နေရသော အဘိုးအိုရုပ်အစား ငယ်ရွယ်နုပျိုသောရုပ်သွင်တစ်ခု အစားထိုးပေါ်ထွက်လာလေသည်။

သိုင်းလောကသားဧည့်ပရိသတ်များသည် စွန်းမင်းကျူးအား ကြည့်ကာ တအံ့တသြဖြစ်သွားကြလေတော့၏။

သူတို့သည် စွန်းမင်းကျူး ရုပ်ဖျက်လာမည်ဟု မည်သူကမှ မထင်ကြပေ။

စုချူးမေတစ်ယောက်မှာမူ တခြားသူများထက် ပို၍အံ့သြနေမိဟန် ရှိသည်။

သူမ၏ပါးစပ်မှာလည်း ခပ်ဟဟပွင့်သွားပြီး သူ၏မျက်လုံးအစုံကမူ ဝိုင်းစက်ပြူးကျယ်နေသည်။

"ဟင်"

ဟူ၍ အံ့သြသောကြောင့် အာမေဍိတ်သံပင် ထွက်၍သွားသည်။

စွန်းမင်းကျူးက သူမအား တစ်ချက်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စုချူးမေသည် စွန်းမင်းကျူးအား ကြောင်၍ ငေးကြည့်နေသောကြောင့် အကြည့်ချင်း ဆုံသွားကြသည်။

စုချူးမေသည် ရှက်သဖြင့် ခေါင်းငုံ့သွားသည်။

စွန်းမင်းကျူးကလည်း စုချူးမေထံမှအကြည့်ကို လွှဲလိုက်ရသည်။ ဆက်၍ကြည့်နေပါက ရိုင်းစိုင်းရာကျမည် မဟုတ်ပါလား။

ထို့နောက် ရွှေကျားဂိုဏ်းချုပ်အား တစ်ချက်ကြည့်လိုက်ပြီး ...

"ကျွန်တော်တို့ အချိန်ကို တန်ဖိုးထားပြီး အလုပ်လုပ်ကြရအောင်ဗျာ၊ အဲဒီတော့ သိုင်းပညာစွမ်းရည်ပြိုင်ပွဲကို အခုပဲ စ,ကြရအောင်"

ယင်းသို့ စွန်းမင်းကျူးက တောင်းဆိုလိုက်တော့သည်။

ထိုအခါ ...

ထိုက်ရဲ့ကလည်း ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တယ် ... သိုင်းပညာစွမ်းရည်ကို အခုပဲ စ,ခွင့်ပေးပါလို့ ဂိုဏ်းချုပ်ကြီးစုကို ကျွန်တော် မေတ္တာရပ်ခံပါတယ် ခင်ဗျာ"

ဧည့်ခန်းမထဲတွင် ထိုင်နေကြသော သိုင်းပညာရှင်များသည် ယခင်ကထက် ပို၍ လှုပ်လှုပ်ရှားရှား ဖြစ်လာကြတော့သည်။



"ဟေး"

'ဖြောင်း ... ဖြောင်း ... ဖြောင်း'

လက်ခုပ်သံများသည် သိုင်းပညာရှင်များထံမှ ထွက်ပေါ်လာသည်။

သိုင်းပညာစမ်းသပ်ပွဲကြီးကို မည်မျှပြုလုပ်လိုသနည်း။

သို့သော် ...

ခန်းမကြီးတစ်ခုလုံး လက်ခုပ်သံများ တုန်ဟည်းသွားခြင်းက သက်သေပြနေပေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျားဂိုဏ်းချုပ် စုချူးထင်း ...။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် စွန်းမင်းကျူးနှင့် ထိုက်ရဲ့တို့၏ဆန္ဒအတိုင်း သိုင်းပညာစွမ်းရည်ပြိုင်ပွဲ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးရန်အတွက် ဧည့်ခန်းမကြီးထဲရှိ ပရိသတ်များအား ဘေးသို့ ရှဲပေးစေပြီး အလယ်ကောင်၌ ကွက်လပ်တစ်ခု ပြုလုပ်ပေးရသည်။

စွန်းမင်းကျူးနှင့် ထိုက်ရဲ့တို့သည် သိုင်းပညာစွမ်းရည်ပြိုင်ပွဲ စတင်မည့်အချိန်ကို စောင့်နေကြသည်။

ထို့အတူ ...

သိုင်းပညာစွမ်းရည်ပြိုင်ပွဲကို ကြည့်ရှုရန် စောင့်ဆိုင်းနေကြသော သိုင်းပညာရှင်များသည်လည်း စိတ်ဝင်စားမှုကြောင့် ရိုးတိုးရွတ ဖြစ်နေကြသည်။



သူတို့သည် ကိုယ့်အဖွဲ့နှင့်ကိုယ် အရက်သောက်စားရင်း တစ်ဦးနှင့်တစ်ဦး တီးတိုးဝေဖန်ရင်းဖြင့် ပြိုင်ပွဲစတင်မည့်အချိန်ကို စောင့်နေကြသည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏သမီး စုချူးမေနှင့် စုချူးထင်း၏ညီ စုထင်းဝမ်တို့သည် သူတို့၏သီးသန့်စားပွဲ၌ ထိုင်ရင်း စွန်းမင်းကျူးနှင့် ထိုက်ရဲ့တို့၏ လှုပ်ရှားလာမည့် ပွဲစဉ်တစ်ရပ်ကို ငံ့လင့်ကာ စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်။

ထိုစဉ် ...

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက ပြိုင်ပွဲစတင်နိုင်ပြီဖြစ်ကြောင်း အချက်ပြလိုက်တော့၏။

စုချူးထင်း အချက်ပြလိုက်သည်နှင့် ...

ချက်ချင်းဆိုသလိုပင် မာန်သွင်းသံနှင့်အတူ ထိုက်ရဲ့သည် စတင်လှုပ်ရှားလာပြီး စွန်းမင်းကျူးအား စတင်တိုက်ခိုက်လေတော့သည်။

သူသည် လျှပ်တစ်ပြက် ဓားကိုဆွဲထုတ်လိုက်ပြီး ဓားကွက်တစ်ကွက်ကို အမြန်ဆုံးဖော်၍ စွန်းမင်းကျူးအား ခုတ်ပိုင်းချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲကွာ"

'ရှပ်'

စွန်းမင်းကျူးကလည်း နောက်သို့ တစ်လှမ်းမျှမဆုတ်ဘဲ ထိုက်ရဲ့ခုတ်ချလာသော ဓားကိုင်လက်အား လက်ဝါးသိုင်းကွက်ဖြင့် ရိုက်ထုတ်လိုက်သည်။

ထိုက်ရဲ့၏ခန္ဓာကိုယ် တစ်ချက်ယိမ်းယိုင်သွားသည်။

"အလို ... မိတ်ဆွေလေးရဲ့လက်ဝါးသိုင်းကွက်က အတော်လေး အဆင့်မြင့်ပါလား"

သိုင်းပညာရှင်များသည် လွန်စွာ စိတ်ဝင်စားလာကြလေသည်။

ညှို့ခန်းမဆောင်ကြီးတစ်ခုလုံးသည် တိတ်ဆိတ်နေသည်။

စွန်းမင်းကျူးက မဲ့ပြုံးပြုံးလိုက်ပြီး ...

"ဒါ ... သံမဏိလက်ဝါးသိုင်းကွက်ပဲဗျ၊ ခင်ဗျားရဲ့ ဓားကွက်ကို ဆက်ထုတ်လေ"

စွန်းမင်းကျူးပြောလိုက်သောစကားကြောင့် ထိုက်ရဲ့မှာ တဟားဟား အော်ဟစ်ရယ်မောတော့သည်။

ထို့နောက် ...



သူသည် ဒုတိယတိုက်စစ်ကို တိုက်ခိုက်ရန် ပြင်ဆင်လိုက်သည်။

သူ၏ဓားချက်များသည် လေထဲတွင် ဝဲပျံနေသော ဝိတုန်းများကဲ့သို့ တဝီဝီမြည်ဟည်းနေသည်။

သူ့ဓားချက်များသည် လျင်မြန်လှသလို အပြောင်းအလဲလည်း များသည်။

"မင်း ဓားထုတ်လေ၊ ဘာလုပ်နေတာလဲ"

သူသည် ဓားကိုအသုံးမပြုဘဲ ကိုယ်လွှတ်ရှောင်နေသော စွန်းမင်းကျူးအား ထိုက်ရဲ့က အားမလိုအားမရဖြင့် အော်ပြောလိုက်သည်။

စွန်းမင်းကျူးသည် ဓားကိုမထုတ်ဘဲ ထိုက်ရဲ့၏ဓားချက်များကို ရှောင်တိမ်းနေသည်။

သူက ရှောင်းရင်း ပြောလိုက်သည်။

"ကျွန်တော် ဓားထုတ်ရင် အခုချက်ချင်းပဲ ပွဲက ပြီးသွားမှာဗျ"

စွန်းမင်းကျူး၏စကားကြောင့် ထိုက်ရဲ့၏မျက်နှာမှာ မည်းမှောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပုံလွှားဂိုဏ်းချုပ်ကြီး ထိုက်ရဲ့မှာ အကြီးအကျယ် ဒေါသထွက်ပြီး အသားများပင် တဆတ်ဆတ် တုန်လာလေတော့သည်။

"မင်း တော်တော်လေကျယ်တဲ့ကောင်ပဲ၊ အေး ... မင်း ငါ့အကြောင်း ကောင်းကောင်း သိရမှာပေါ့ကွာ"

သူ၏ခြေချက်များမှာလည်း ယခင်ကထက်ပို၍ သွက်လာပြီး စွန်းမင်းကျူး၏ခန္ဓာကိုယ်အနှံ့အပြားသို့ ပျားတုပ်သကဲ့သို့ အဆက်မပြတ် ကျရောက်လေတော့သည်။

'ဗိုး ... ဗိုး ... ဖုစ်'

စွန်းမင်းကျူးသည် မာန်သွင်းပြီး ခြေလွတ်ရာသို့ ရှောင်တိမ်းသွားပြန်သည်။

တိတ်ဆိတ်ငြိမ်သက်စွာ ကြည့်နေကြသော သိုင်းလောကသားများသည် လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

သိုင်းလောကသားများထဲမှ အသံဗလံများလည်း ထွက်ပေါ်လာသည်။

အားမလိုအားမရ မချင့်မရဲလေသံများ ဖြစ်သည်။

"ဂိုဏ်းချုပ်ကြီးထိုက်ရဲ့ ... ဒီကောင်လေးကို ခင်ဗျား နိုင်အောင် မတိုက်နိုင်ဘူးလားဗျ"



စိတ်မရှည်နိုင်ဟန်ဖြင့် ထောင့်တစ်နေရာမှ ထွက်ပေါ်လာသောအသံ ဖြစ်သည်။

ထို့အတူ ...

"ဂိုဏ်းချုပ်ကြီးထိုက်ရဲ့က ရွှေပုံလွှားဂိုဏ်းချုပ်ကြီးလုပ်နေပြီး တယ်ညံ့တာကိုး"

အထင်သေး အမြင်သေး စကားသံတစ်သံကလည်း အခြားတစ်နေရာမှ ထပ်မံထွက်ပေါ်လာပြန်သည်။

"ခင်ဗျားရဲ့ ရွှေပုံလွှားခြေသိုင်းကွက်တွေ ဘာလုပ်နေတာလဲ ... ထုတ်သုံးပါလား"

စိတ်ပျက်လက်ပျက် အော်ဟစ်လိုက်သောအသံကလည်း ဟိန်းထွက်လာသည်။

ထိုအခါမှ ထိုက်ရဲ့သည် သတိရလာကာ သူ၏ရွှေပုံလွှားခြေသိုင်းကွက်ကို ထုတ်သုံး၍ စွန်းမင်းကျူးအား တိုက်ခိုက်လေတော့သည်။

'ဗိုး ... ဗိုး'

လှုပ်ရှားမှုများမှထွက်ပေါ်လာသည့် လေတိုးသံများသည် ကြောက်ခမန်းလိလိပင် ဖြစ်ပေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခြေသိုင်းကွက်များကလည်း စွန်းမင်းကျူး၏ကိုယ်ပေါ်သို့ အဆက်မပြတ် ကျရောက်လာသည်။

သို့ရာတွင် ...

သူ၏ခြေသိုင်းကွက်များသည် စွန်းမင်းကျူး၏အင်္ကျီစကိုပင် ထိမှန်နိုင်ခြင်း မရှိခဲ့ပေ။

စွန်းမင်းကျူးသည် အရှောင်အတိမ်းကောင်းလှ၏။

ထိုက်ရဲ့၏ခြေသိုင်းကွက်များကို ကောင်းစွာပင် ရှောင်တိမ်းနိုင်သည်။

ဤနေရာတွင် ထိုက်ရဲ့၏ခြေသိုင်းကွက်များ တစ်ကွက်သာ စွန်းမင်းကျူးအား ထိမှန်လိုက်ပါက စွန်းမင်းကျူးခမျာ မြင်းတစ်ကောင် အကန်ခံလိုက်ရသည်ထက်ပင် အခြေအနေဆိုးသွားနိုင်သည်။

သို့ရာတွင် ထိုက်ရဲ့၏လှုပ်ရှားမှု အရပ်ရပ်တိုင်းကို စွန်းမင်းကျူးသည် ကောင်းစွာပင် ခန့်မှန်းနိုင်ခဲ့ပြီး ရှောင်နိုင်သည်ချည်းသာ ဖြစ်၏။

ထို့ကြောင့်လည်း သူသည် ထိုက်ရဲ့၏တိုက်ခိုက်မှုများအား မမှုပါချေ။



ရွှေပျံလွှားဂိုဏ်းချုပ်ထိုက်ရဲ့၏ တိုက်ကွက်များသည် စွန်းမင်းကျူး၏မျက်နှာရှေ့တွင် တဝှီးဝှီး တဝှစ်ဝှစ်မြည်ကာ ဖြတ်သန်းနေကြသည်။

သူတို့နှစ်ယောက်သည် သိုင်းကွက်ပေါင်း ငါးဆယ်ကျော်သည်အထိ တိုက်ခိုက်ခဲ့ပြီး ဖြစ်သည်။

တစ်ချိန်လုံးလိုလိုပင် ထိုက်ရဲ့ကသာ တိုက်ခိုက်နေခြင်း ဖြစ်သည်။

တစ်ချိန်လုံးလိုလို စွန်းမင်းကျူး ရှောင်တိမ်းနေသည်။ ထိုက်ရဲ့တိုက်သမျှ စွန်းမင်းကျူးက ရှောင်တိမ်းနိုင်ခဲ့သည်။

ထိုစဉ် ...

'ဝှစ်'

ဝှစ်ခနဲအသံကို ကြားလိုက်ရပြီး လက်နက်ပုန်းအပ်ကလေးများ လွင့်ပျံလာသည်ကို သိလိုက်ရ၏။

ထို့ကြောင့် စွန်းမင်းကျူးသည် ကပျာကယာ ရှောင်တိမ်းလိုက်ရသည်။

သူသည် မိမိအား တိတ်တဆိတ် လုပ်ကြံသူကိုလည်း ဖျတ်ခနဲ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား အဆိပ်အပ်လက်နက်ပုန်းဖြင့် လုပ်ကြံသူမှာ မျက်နှာထောင့်ကျကျလူဖြစ်ကြောင်း တွေ့လိုက်ရသည်။

ပထမတွင် သူသည် ထိုလူ၏အမည်အား မသိချေ။

နောင်အခါကျမှ ထိုသူ၏အမည်မှာ ဟုန်ကျွမ့်ဖြစ်ကြောင်း စွန်းမင်းကျူး သိရလေသည်။

ထို့ကြောင့် ...

စွန်းမင်းကျူးသည် တိုက်ပွဲကို အချိန်မဆွဲထားတော့ဘဲ အတိုဆုံး၊ အပြတ်ဆုံးနှင့် အမြန်ဆုံး ဖြတ်ရန် ဆုံးဖြတ်လိုက်သည်။

အဘယ်ကြောင့်ဆိုသော် ...

သူတို့၏တိုက်ပွဲမှာ တရားမျှတသောတိုက်ပွဲမဟုတ်ဘဲ ကြားမှဝင်ကူသူများ ရှိနေသောကြောင့်တည်း။

ယင်းသို့ ဝင်ရောက်ကူညီသည်ကို သိုင်းလောကသား ပရိသတ်များ မသိကြပါ။

တိုက်ပွဲပေါ် အာရုံရောက်နေသောကြောင့် သတိမပြုမိခြင်းလည်း ဖြစ်နိုင်သည်။

သူသည် တိုက်ပွဲကို အပြီးသတ်စေရန် စတင်လှုပ်ရှားလိုက်လေတော့၏။



ကိုယ်ဟန်အနေအထားကို အသင့်ပြင်ရင်း နှုတ်မှလည်း အော်ဟစ်သတိပေးလိုက်သည်။

"ရွှေပုံလွှားဂိုဏ်းချုပ်ကြီး ... သတိထား၊ ကျွန်တော် တိုက်တော့မယ်"

အော်ဟစ်သတိပေးပြီးသည်နှင့် ဓားကို ဓားအိမ်အတွင်းမှ ဆွဲထုတ်လိုက်လေသည်။

'ခြွမ်း'

ထို့နောက် သူသည် ဟန်ရေးပြသည့်အနေဖြင့် ဓားကို လေထဲတွင် တစ်ချက်ဝှေ့ယမ်းလိုက်သည်။

'ခြွမ်း ... ခြွမ်း ... ခြွမ်း'

ရုတ်တရက် ...

ရွှေပုံလွှားဂိုဏ်းချုပ်ထိုက်ရဲ့၏ဓားကွက်များသည် စွန်းမင်းကျူး၏ဟန်းပြဓားကွက် ဝှေ့ယမ်းမှုကြောင့် ဖရိုဖရဲ ဖြစ်သွားလေသည်။

စွန်းမင်းကျူးသည် ညာဘက်ကဓားဖြင့် အယောင်ပြတိုက်ခိုက်ပြီးနောက် ဘယ်လက်ဝါးဖြင့် ရိုက်ချလိုက်ရာ ...

'ဝုန်း'

www.burmeseclassic.com

www.burmeseclassic.com



ရွှေပုံလွှားဂိုဏ်းချုပ်ကြီး ထိုက်ရဲ့မှာ မည်သို့မည်ပုံ တိုက်ခိုက်ခံရမှန်းပင် မသိဘဲ ဝုန်းခနဲ မြည်သံနှင့်အတူ လွင့်စဉ်ထွက်သွားလေတော့၏။

★★★



## အခန်း (၄)

အံ့သြဖွယ်ရာပင် ...

မည်သူမျှ ထင်မှတ်မထားသောဖြစ်ရပ်ကြောင့် ...

ခန်းမထဲရှိ သိုင်းလောကသားများသည် အာမေဍိတ်သံများ ယောင်ယမ်းထွက်ပေါ်လာလေသည်။

"ဟင်"

"ဟာ"

"ဟယ်"

သူတို့ အံ့သြ၍ မဆုံးမီမှာပင် ...

စွန်းမင်းကျူးသည် ဓားကို ဓားအိမ်အတွင်းသို့ ပြန်လည်ထည့်သွင်းလိုက်ပြီး ဖြစ်နေပေပြီ။

'ချပ်'

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးသည် ခန်းမဆောင်၏ မှောင်ရိပ်ကျနေသော ထောင့်စွန်းတစ်နေရာသို့ လှမ်းကြည့်ကာ ...

"ခိုးကြောင်ခိုးဝှက် တိုက်ခိုက်မနေပါနဲ့ဗျာ၊ ယောကျ်ားပီပီ ရင်ဆိုင်ရဲရင် အလင်းရောင်ရှိတဲ့နေရာကို ထွက်လာခဲ့ပါ"

စွန်းမင်းကျူး၏ရဲရင့်ပြတ်သားသော စိန်ခေါ်သံသည် ခန်းမဆောင်တစ်ခုလုံးကို ဖုံးလွှမ်းသွားတော့၏။

★



စွန်းမင်းကျူး၏အသံကြောင့် ...

သိုင်းလောကသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

ခန်းမထဲရှိ သိုင်းလောကသားများသည် တစ်ယောက်ကို တစ်ယောက် ကြည့်မိလိုက်ကြသည်။

မည်သူ့ကို သူ စိန်ခေါ်နေလေသနည်း။

သိုင်းလောကသားစည့်ပရိသတ်များ ကြောင်စီစီ ဖြစ်ကုန်သည်။

တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုလဲဟူသော သဘောဖြင့် တီးတိုးမေးမြန်းကြကုန်၏။

စွန်းမင်းကျူးသည် သိုင်းလောကသားများအား ဝေ့ဝဲအကဲခတ်ရင်း တည်ငြိမ်စွာ ရပ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ...

စုချူးမေသည် ဖခင်ဖြစ်သူ စုချူးထင်းဘက်သို့ လှည့်လိုက်ပြီး နားမလည်ဟန်ဖြင့် ...

"ဆရာကြီးထိုက်ရဲ့ ဘယ်လိုဖြစ်သွားတာလဲဟင် ဖေဖေ၊ ဟိုအစ်ကိုက ဘာမှလည်းမလုပ်ဘဲနဲ့ ဘယ်လိုလုပ်ပြီး လဲကျသွားရတာလဲ"

စုချူးမေသည် အမှန်တကယ် နားမလည်နိုင်သဖြင့် မေးမြန်းလိုက်ခြင်းဖြစ်သည်။

ထိုကိစ္စကိုပင် ရွှေကျားဂိုဏ်းချုပ်ကြီး စုချူးထင်းက အံ့ဩနေခြင်းဖြစ်သည်။

သူသည်လည်း ထိုဖြစ်ရပ်ကို သေသေချာချာ တွေ့မြင်သိရှိလိုက်ခြင်း မရှိပေ။

အဖြစ်အပျက်များသည် လျှပ်တစ်ပြက်အတွင်း ဖြစ်ပွားသွားခြင်းဖြစ်ရာ ထိုက်ရဲ့ မည်သို့လဲကျသွားသည်ကို စဉ်းစားမရဘဲ ဖြစ်နေသည်။

ထို့ကြောင့် ...

စုချူးထင်းက သမီးဖြစ်သူအား လေသံဖြင့် ...



"ဖေဖေလည်း မသိဘူး၊ တော်တော်တော့ထူးဆန်းတယ် သမီး"

ဟု တီးတိုးပြန်ပြောလိုက်သည်။

ထိုစဉ်မှာပင် ...

★

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ...

ခန်းမထဲရှိ သိုင်းလောကသားထဲမှ လူတစ်ယောက် ခုန်ထွက်လာသည်။

ထို့နောက် ...

ထိုလူသည် စွန်းမင်းကျူးထံသို့ တန်းတန်းမတ်မတ်ပင် လျှောက်လာလေသည်။

စွန်းမင်းကျူးသည် သူ့ထံလျှောက်လာနေသူကို သေချာ အကဲခတ်ကြည့်လိုက်သည်။

ထိုလူမှာ မျက်နှာထောင့်ကျကျနှင့် ကောက်ကျစ်စဉ်းလဲသော ရုပ်သွင်ရှိသည့်လူပင် ဖြစ်ပါသည်။

ထိုမျက်နှာထောင့်ကျကျနှင့်လူက ရယ်ရင်း ပြောလာလေသည်။



"ဟား ဟား ဟား ... မင်းပညာ ဘယ်ဆိုးလို့တုံး"

လှောင်သလို ပြောင်သလို လေသံဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

ထိုသူမှာ စွန်းမင်းကျူးထက် အသက်အနည်းငယ်ကြီးပုံရသည်။

ကိုယ်လုံးကိုယ်ထည်လည်း အတန်ငယ် တောင့်တင်းပုံရ၏။

သူသည် အဝါရောင်ပိုးဝတ်စုံကို ကျကျနန ဝတ်ဆင်ထားပြီး ခါးတွင် ဓားတစ်လက်ကို ချိတ်ဆွဲထားသည်။

သူ၏ကိုယ်အမူအရာ၊ နှုတ်အမူအရာကိုကြည့်ရုံဖြင့် ရက်စက်ကြမ်းကြုတ်မည့်သူဖြစ်ကြောင်း ခန့်မှန်း၍ရသည်။

စွန်းမင်းကျူးက ...

ထိုသူအား တစ်ချက်ဝေ့၍ အကဲခတ်ရင်း ...

"မိတ်ဆွေက ဘယ်သူလဲ၊ နာမည်ကကော ဘယ်လိုခေါ်သလဲ"

စွန်းမင်းကျူးကိုကြည့်နေသော မျက်နှာထောင့်ကျကျနှင့်လူက ဟန်ပါပါနှင့် မဲ့ပြုံးပြုံးကာ ...

"ကျုပ်နာမည် ဟုန်ကျွမ့်တဲ့၊ သူများတွေကတော့ အဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရင် ဟုန်ကျွမ့်လို့ ခေါ်ကြတယ်ဗျ၊ ကျုပ်အထင်တော့ ဒီနာမည်ကို ခင်ဗျား ကြားဖူးမယ်မထင်ဘူး"

ထိုစကားမှာ စွန်းမင်းကျူးအား နိမ့်ချပြောကြားလိုက်ခြင်း ဖြစ်သည်။

'ခင်ဗျား သိုင်းလောကထဲဝင်တာ မကြာသေးပါဘူး၊ နုပါသေးတယ်'

ဟု ပြောလိုရင်းဖြစ်သည်။

သူသည် ထိုစကားကို ခေါင်းမော့၍ ပြောကြားလိုက်ခြင်း ဖြစ်လေသည်။

စွန်းမင်းကျူးသည် ဟိုလူအားကြည့်ပြီး တစ်ချက်ပြုံးလိုက်သည်။

အမှန်စင်စစ် သူ၏အပြုံးသည် မဲ့ပြုံး လှောင်ပြုံးမျိုးသာ ဖြစ်၏။

သိုင်းလောကသားများကမူ ငြိမ်သက်တိတ်ဆိတ်လျက် ရှိလေသည်။

သူတို့သည် ဟုန်ကျွမ့်နှင့် စွန်းမင်းကျူးတို့အား အလွန် စိတ်ဝင်စားစွာဖြင့် အကဲခတ်ကြည့်ရှုနေကြသည်။



စွန်းမင်းကျူးသည် ဟုန်ကျွမ့်အား သေသေချာချာအကဲခတ်ကြည့်နေသည်။

ထို့နောက် ...

စွန်းမင်းကျူးက လက်ကာပြလိုက်ပြီး ...

"နေပါဦး မိတ်ဆွေကြီး ဟုန်ကျွမ့် ... ခင်ဗျားနဲ့ကျုပ်မှာ ဘာရန်ငြိုးရန်စမှမရှိဘဲ ဘာဖြစ်လို့ ကျုပ်ကို သေကြောင်းကြံရတာလဲ"

ဟုန်ကျွမ့်က ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"မင်းကို သေကြောင်းကြံတာ မဟုတ်ဘူး၊ တမင်ကို အသေသတ်တာကွ"

သူသည် ပြောပြီးသည်နှင့် ခြေတစ်လှမ်း ဆုတ်လိုက်လေသည်။

ထိုခြေလှမ်းမှာ တိုက်စစ်ဆင်တော့မည့် ဆင်ပြောင်ကြီးတစ်ကောင်ပမာ ဖြစ်နေ၏။

အတွေ့အကြုံများသော ဆင်ပြောင်ကြီးများသည် ရန်သူဆင်များနှင့် တွေ့ဆုံတိုင်း ဤသို့ပင် ပရိယာယ်ဆင်တတ်မြဲဖြစ်သည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ...

ထိုခြေတစ်လှမ်းဆုတ်ခြင်းသည် နှစ်လှမ်းတိုး တိုက်ခိုက်ရန်အတွက် ပြင်ဆင်အားယူခြင်းပင် ဖြစ်သည်။

ဤသည်ကို စွန်းမင်းကျူးကလည်း ကောင်းစွာသဘောပေါက်ထားသည်။

စွန်းမင်းကျူးသည် အသက်ငယ်သေးသော်လည်း အတွေ့အကြုံအားဖြင့် ဂျင်ပေါ်က ထုံးကဲ့သို့ လည်သူဖြစ်သည်။

ထို့ကြောင့်လည်း ထိုလူ၏ပရိယာယ်ကို ကောင်းစွာသဘောပေါက်ခြင်း ဖြစ်သည်။

"မိတ်ဆွေက အနေသာကြီးပါဗျာ၊ ဘာဖြစ်လို့ ကျုပ်ကို သေစေချင်ရတာလဲ"

စွန်းမင်းကျူးထံ ထိုသို့ပြန်မေးလိုက်သည်။

သူသည် မေးသင့်မေးထိုက်သော်ငြားလည်း မိမိကမူ တစ်ဖက်မှ တုံ့ပြန်မှုပြုလာလျှင် ပြန်လည်ခုခံနိုင်ရန် အသင့်ပြင်ဆင်ထားသည်။

ဟုန်ကျွမ်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က ဂိုဏ်းချုပ်ကြီးထိုက်ရဲ့နဲ့ အင်မတန် ခင်မင်တော့



မိတ်ဆွေကို တစ်နည်းမဟုတ်တစ်နည်းတော့ ဒုက္ခပေးရမှာပေါ့၊ ဒါကြောင့်လည်း ကျုပ်က မိတ်ဆွေကို လက်နက်ပုန်းအဆိပ်အပ်နဲ့ ခိုးကြောင်ခိုးဝှက် လုပ်ကြံတိုက်ခိုက်ရတာပေါ့။ ရန်သူနဲ့ရင်ဆိုင်တွေ့တဲ့နေရာမှာ ဘယ်နည်းကိုပဲသုံးသုံး ... အနိုင်ရဖို့က အရေးကြီးတယ်မဟုတ်လား"

ဟုန်ကျွမ်၏စကားကို ကြားလိုက်ရသောအခါမှ ငြိမ်သက်စွာနားထောင်နေကြသော ပရိသတ်များမှာ ရွှေပျံလွှားဂိုဏ်းချုပ်ကြီးထိုက်ရဲ့ ကြမ်းပြင်ပေါ်တွင် လဲကျခဲ့ရသော အကြောင်းရင်းအဖြစ်မှန်ကို သိရှိလိုက်ရလေသည်။

"ဟာ"

"ဟယ်"

"ဩော် ... ဒါကြောင့်ကိုး"

စွန်းမင်းကျူးက ဟုန်ကျွမ်အား တစ်ချက်ကြည့်လိုက်ပြီး ...

"ဒါပေမဲ့ ... ခင်ဗျားဟာ မိန်းမလိုမိန်းမရ တိုက်ခိုက်တဲ့လူစားမျိုးပဲ၊ ယောကျ်ားဆိုတာ သတ္တိရှိရှိ ရင်ဆိုင်ရဲရတယ်ဗျ"

သူသည် ဒေါသထွက်နေသည့် လေသံမျိုးဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ကျွမ့်က ဘာမျှပြန်ပြောခြင်း မရှိပါချေ။

သို့ရာတွင် ...

ရုတ်တရက် မထင်မှတ်စွာဖြင့် လှုပ်ရှားမှုတစ်ခုကို စတင်လိုက်သည်။

ယင်းမှာ ...

သူသည် အလွန်ကောက်ကျစ်စဉ်းလဲစွာဖြင့် စွန်းမင်းကျူးအား လက်နက်ပုန်းခြောက်ခုဖြင့် ပစ်ခတ်တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။

'ဝှစ် ... ဝှစ်'

'ဝှစ် ... ဝှစ်'

'ဝှစ် ... ဝှစ်'

လေတိုးသောအသံများနှင့်အတူ အဆိပ်အပ်ခြောက်ခုသည် စွန်းမင်းကျူးထံသို့ လွင့်ပျံလာလေသည်။

သို့သော် ...

စွန်းမင်းကျူးသည် ရှောင်တိမ်းခြင်း မပြုပါချေ။ အင်္ကျီလက်ရှည်ဖြင့်သာ ခါယမ်းလိုက်၏။

'ဖြန်း ... ဖြန်း ... ဖြန်း'

BURMESE CLASSIC .com



ထိုအခါ ...

လက်နက်ပုန်းများသည် သားရေပြားကို ထိသကဲ့သို့ ပြန့်ထွက်သွား၏။

လက်နက်ပုန်းခြောက်ခုစလုံး အံ့ဩစရာကောင်းလောက်အောင် ပစ်ခတ်သူထံသို့ ပြန်သွား၏။

'ဝှစ် ဝှစ် ... ဝှစ် ဝှစ် ... ဝှစ် ဝှစ်'

"ဟင်"

ဟုန်ကျွမ့်မှာ အံ့အားသင့်သွား၏။ သူသည် အပ်သုံးခုကိုသာ ရိုက်ထုတ်နိုင်သည်။

'ခြွမ်း ... ခြွမ်း ... ခြွမ်း'

ထို့နောက် ချက်ချင်းပင် ...

"အား"

'ဝုန်း'

ကျန်သော အဆိပ်အပ်သုံးချောင်းကို သူရိုက်မထုတ်နိုင်ခဲ့ပေ။

ထိုအဆိပ်အပ်များက မျက်နှာလာမှန်သည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



သူသည် အဆိပ်အပ်များထိမှန်ပြီး သူ့ကိုယ်တွင် အဆိပ်သင့်ကာ 'အား'ဟု မချိမဆံ့ ညည်းတွားသံကြီးနှင့်အတူ မတ်တတ်ရပ်လျက်ရှိရာမှ ကြမ်းပြင်ပေါ်သို့ ပစ်လဲကျသွားလေတော့သည်။

★

BURMESE CLASSIC .com



"ဟေ့ ... စွန်းမင်းကျူး"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက ဝမ်းသာအယ်လဲဖြင့် အော်ဟစ်လိုက်သည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏ ဝမ်းသာအယ်လဲအော်ဟစ်မှုကြောင့် စွန်းမင်းကျူးက လှည့်ကြည့်လိုက်ပြီး ရွှေကျားဂိုဏ်းချုပ် စုချူးထင်းကို ဂါရဝပြုလိုက်၏။

ထိုအခါ ငြိမ်သက်စွာ ကြည့်နေကြသော ပရိသတ်များသည် ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏ဝမ်းသာအယ်လဲဖြင့် အော်ဟစ်မှုကြောင့် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး လက်ခုပ်သံများ တဖြောင်းဖြောင်း တီးလိုက်ကြလေသည်။

'ဖြောင်း ဖြောင်း ဖြောင်း'

'ဖြောင်း ဖြောင်း ဖြောင်း'

www.burmeseclassic.com

www.burmeseclassic.com



လက်ခုပ်သံများသည် ဧည့်ခန်းမတစ်ဆောင်လုံးအား ဆူညံစွာ လွှမ်းခြုံသွားလေတော့သည်။

ထိုလက်ခုပ်သံများသည်ကား စွန်းမင်းကျူးအား ဩဘာပေးသော လက်ခုပ်သံများသည်သာ မဟုတ်ပါလော။

★★★



အခန်း (၅)

ရွှေကျားဂူဟာ ...။

ရွှေကျားဂူဟာကြီးသည် ပကတိ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ယမန်နေ့က သိုင်းပညာရှင်ဧည့်သည်တော်ကြီးများသည် ဂူဟာအတွင်း၌ ရှိမနေကြတော့ချေ။

ဂိုဏ်းအသီးသီးမှ သိုင်းပညာရှင်ကြီးများသည် မိမိတို့နေရာဒေသများသို့ ပြန်လည်ထွက်ခွာသွားကြလေပြီ။

ရွှေကျားဂူဟာထဲတွင် ဧည့်သည်တော်များ တစ်ယောက်မျှ မကျန်တော့ချေ။

ရွှေကျားဂူဟာထဲတွင် အပြင်လူဆို၍ စွန်းမင်းကျူးတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့သည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျားဂေဟာထဲတွင် ...

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၊

ဂိုဏ်းချုပ်ကြီး၏သမီး စုချူးမေ၊

ဂိုဏ်းချုပ်ကြီး စုချူးထင်း၏ညီ စုထင်းဝမ်နှင့်

စွန်းမင်းကျူးတို့သာ ဂေဟာကြီးအတွင်း၌ ကျန်ရစ်တော့သည်။

ယခု ...

သူတို့အားလုံး နေ့လယ်စာ စားသောက်နေကြသည်။

ထမင်းဝိုင်းထဲတွင် စုချူးမေက မကြာခဏဆိုသလို စွန်းမင်းကျူးအား ခိုးခိုးကြည့်နေသည်။

စွန်းမင်းကျူးကိုယ်တိုင်ကလည်း စုချူးမေအား မကြာခဏ ခိုးကြည့်နေမိသည်။

မကြာခဏ သူ့အားကြည့်သော စွန်းမင်းကျူး၏ မျက်လုံးနှင့် ဆုံသွားသောအခါတိုင်း စုချူးမေမှာ ခေါင်းငုံ့သွားတတ်သည်။

သူတို့၏နေ့လယ်စာ ထမင်းဝိုင်းမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

ထိုစဉ်မှာပင် ...



ရွှေကျားဂိုဏ်းချုပ်ကြီး စုချူးထင်း၏ စကားသံသည် တိတ်ဆိတ်ငြိမ်သက်ခြင်းကို စတင်ဖြိုခွင်းလေတော့၏။

"စွန်းမင်းကျူး ... မင်း သိုင်းလောကထဲရောက်နေတာ ဘယ်နနှစ်ရှိသွားပြီလဲ"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏စကားသံကြောင့် စွန်းမင်းကျူး၏မျက်နှာသည် ကွက်ခနဲ ပျက်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ...

သူ့အနေဖြင့် သိုင်းလောကထဲသို့ ယခုမှ စတင်ဝင်ရောက်ခဲ့သောကြောင့်ပေတည်း။

"ကျွန်တော် သိုင်းလောကထဲဝင်ဖို့ ကြိုးစားဆဲပဲ ရှိပါသေးတယ် ဂိုဏ်းချုပ်ကြီး"

"ဟင်"

စွန်းမင်းကျူး၏အဖြေကြောင့် ရွှေကျားဂိုဏ်းချုပ် စုချူးထင်း၏မျက်လုံးအစုံသည် ပြူးကျယ်ဝိုင်းစက်သွားသည်။

"အခုမှ မင်းက သိုင်းလောကထဲဝင်ဖို့ ကြိုးစားဆဲ ... ဟုတ်လား စွန်းမင်းကျူး"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက တအံ့တသြဖြင့် မေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ စွန်းမင်းကျူးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ... ဂိုဏ်းချုပ်ကြီး၊ သိုင်းလောကထဲဝင်ဖို့ ကြိုးစားနေဆဲပါ ခင်ဗျာ"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် ရွှင်လန်းအားရစွာ ပြောကြားလိုက်၏။

"အေး ... မင်း ဘာပြောပြော ကျုပ်ကတော့ မင်းကို တော်တော်လေး အထင်ကြီးသွားပြီကွ ...၊

ဘာဖြစ်လို့လဲဆိုတော့ အဆိပ်ဘုရင်ဟုန်ကျွမ့်ရဲ့ အဆိပ်လက်နက်ပုန်းကို မရှောင်ဘဲ ရိုက်ထုတ်လိုက်တဲ့ မင်းရဲ့သိုင်းကွက်ဟာ တော်တော်အဆင့်မြင့်တယ် ...၊

အဲဒီသိုင်းကွက်ကို ကျုပ်တောင် ပိုင်ပိုင်နိုင်နိုင်မရသေးဘူးကွ၊ ဟုန်ကျွမ့်ကို တော်ရုံတန်ရုံသိုင်းသမားတွေက အတော်ကြောက်ကြသကွ"

သူ၏စကားကြောင့် စွန်းမင်းကျူးသည် မနေတတ်မထိုင်တတ် ဖြစ်သွားသည်။

ထို့နောက် ...

သူသည် ပျာပျာသလဲအမူအရာဖြင့် ...



"ဟာ ... ဂိုဏ်းချုပ်ကြီးကလည်း မဟုတ်ကဟုတ်က ပြောရှာမယ်၊ ဂိုဏ်းချုပ်ကြီးစုက ကျွန်တော့်ထက် အများကြီးသာပါတယ်ဗျာ"

စွန်းမင်းကျူးက အနေခက်ဟန်ဖြင့် ကပျာကယာ ပြောဆိုလိုက်သည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက ရယ်မောလေတော့၏။

"ဟား ဟား ဟား ... စွန်းမင်းကျူး စွန်းမင်းကျူး ... ဒါကြောင့်လည်း အစ်ကိုကြီးကျင်းတုံက သူ့တပည့်ကို အတော်ကြီးချီးမွမ်းခန်းဖွင့်ခဲ့တာကိုး"

ထိုစကားကြောင့် စွန်းမင်းကျူးသည် ပို၍အနေခက်နေသည်။

သူ့အား ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက သူ၏သိုင်းပညာကို အရမ်းကာရော ချီးကျူးခြင်းကြောင့် ဖြစ်သည်။

ရွှေကျားဂိုဏ်းချုပ်ကြီး စုချူးထင်း ပြောလိုက်သောစကားထဲတွင် အစ်ကိုကြီးကျင်းတုံဆိုသောအမည် ပါရှိသည်။

စွန်းမင်းကျူး၏ဆရာ ကျင်းတုံမှာ ရွှေကျားဂိုဏ်းချုပ် စုချူးထင်းနှင့် သိုင်းပညာသင်ဘက် ညီအစ်ကိုများ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးကျင်းတို့က ကျွန်တော်နဲ့ပတ်သက်ပြီး ဘာတွေများ ပြောခဲ့လို့လဲ ဂိုဏ်းချုပ်ကြီး"

စွန်းမင်းကျူးက လှမ်းမေးလိုက်သည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက ...

"မင်း တော်တဲ့အကြောင်းတွေပေါ့ကွာ"

စွန်းမင်းကျူးက ပြုံးလိုက်သည်။

ထိုသို့ပြုံးလိုက်ရင်းက စုချူးမေထိုင်နေသော နေရာသို့ ခေခနဲတစ်ချက် လှမ်းကြည့်လိုက်လေသည်။

စုချူးမေက သူ၏အကြည့်ကို မခံနိုင်ဘဲ ခေါင်းငုံ့သွားတော့သည်။

စွန်းမင်းကျူးသည် ရွှေကျားဂိုဏ်းချုပ်ကြီး စုချူးထင်းဘက်သို့ ပြန်လှည့်ကာ ...

"ဒါနဲ့ ဂိုဏ်းချုပ်ကြီး ... ကျွန်တော့်ကို မှာတဲ့ကိစ္စ မသိရဘူးလားခင်ဗျာ"

ဤတွင် ...

ရွှေကျားဂိုဏ်းချုပ်ကြီး စုချူးထင်းက စွန်းမင်းကျူးအား အခေါ်လွှတ်ရသည့်အကြောင်းကို သတိရလာပြီး ...



"သြော် ... သိရပါတယ်ကွာ၊ မနေ့ကတည်းက ပြောဖို့ပါပဲ၊ ဒါပေမဲ့ ဧည့်သည်တွေ ရှိနေသေးလို့ မပြောဖြစ်ခဲ့တာ ...၊

ကဲ ... အခုတော့ အားလုံးလွှတ်လွှတ်လပ်လပ် ပြောလို့ရပါပြီကွယ်"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် အရက်အိုးကို ကောက်ကိုင်ပြီး စွန်းမင်းကျူးဘက်သို့ တိုးပေးလိုက်သည်။

ထို့နောက် နှုတ်မှလည်း တစ်ဆက်တည်း လှမ်းပြောလိုက်သည်။

"သောက်ပေဒ့ စွန်းမင်းကျူး ... ဒီအရက်က ဝါရှက်စိမ်းအရက် အကောင်းစားပဲ၊ သောက်ရင်းစားရင်း စကားလည်း ပြောကြတာပေါ့"

စွန်းမင်းကျူးက ခေါင်းညိတ်ပြလိုက်ပြီး ...

"ဟုတ်ကဲ့ ဂိုဏ်းချုပ်ကြီး"

စွန်းမင်းကျူးက အရက်အိုးကို လှမ်းယူကာ အရက်အနည်းငယ် မော့သောက်လိုက်သည်။

သူသည် အရက်ကို အနည်းငယ် သောက်လိုက်ရသဖြင့် စိတ်ထဲတွင် နွေးထွေးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရွှေကျားဂိုဏ်းချုပ် စုချုးထင်းပြောလာမည့်စကားကို နားစွင့်နေလေသည်။

ထိုစဉ်မှာပင် ...

★



ထိုစဉ်မှာပင် ...

တစ်ချိန်လုံး မျက်မှောင်ကြုတ်၍ထိုင်နေပြီး သူ့အား မမှိတ်မသုန်ကြည့်ကာ အကဲခတ်နေသည့် စုထင်းဝမ်ကို စွန်းမင်းကျူး သတိမမူလိုက်မိချေ။

စုထင်းဝမ်မှာ စွန်းမင်းကျူးကို စတင်တွေ့ဆုံကတည်းက လိုလားနှစ်သက်ခဲ့ခြင်း မရှိခဲ့ချေ။

ထို့ကြောင့် ...

သူသည် ရုတ်တရက် ထိုင်နေရာမှထလိုက်ပြီး အပြင်သို့ထွက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခါ ရွှေကျားဂိုဏ်းချုပ် စုချုးထင်းက လှမ်းမေးလိုက်သည်။

"ဟေ့ ညီလေး ... ဘယ်ကိုလဲ"

www.burmeseclassic.com

www.burmeseclassic.com



စုထင်းဝမ်က မပြောချင်ပြောချင် လေသံဖြင့် ...

"အိုက်လို့ အပြင်ထွက်မလို့ အစ်ကိုကြီး"

သူသည် ရွှေကျားဂိုဏ်းချုပ် စုချူးထင်းအား လေသံပြတ်ဖြင့် ပြေဆိုကာ ထမင်းစားခန်းထဲမှ ထွက်ခွာသွားသည်။

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက ထပ်မံ၍ တားလိုက်လေသည်။

"နေပါဦးကွ ...ဒီမှာ ဆွေးနွေးစရာရှိသေးတယ်ကွ၊ ညီလေးပါဝင်ဆွေးနွေးတော့ ပိုကောင်းတာပေ့ါ"

စုချူးထင်း၏တားဆီးမှုမှာ အရာမထင်ပါချေ။

အဘယ်ကြောင့်ဆိုသော် ...

သူတားလိုက်သောအချိန်တွင် စုထင်းဝမ်သည် အခန်းပြင်ဘက်သို့ရောက်ကာ ပျောက်ကွယ်သွားသောကြောင့်ပင်တည်း။

"ဟင်း"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

သို့သော် သူ၏နှုတ်မှ မည်သည့်စကားမျှထွက်ပေါ်လာခြင်း မရှိပါချေ။



စွန်းမင်းကျူးသည် အရက်သောက်နေ၏။

သူ့အမူအရာမှာ စုချူးထင်းတို့ညီအစ်ကို စကားပြောနေခြင်းကို စိတ်ဝင်စားဟန် မရှိချေ။

တကယ်တမ်းတွင်မူ သူသည် ထိုညီအစ်ကိုနှစ်ဦးကို စိတ်ဝင်စားနေပါ၏။

သူ စိတ်မဝင်စားဟန်ဆောင်နေခြင်းပင်တည်း။

ညီအစ်ကိုနှစ်ဦးမှာ စိတ်ဝမ်းကွဲလျက် ရှိနေဟန်တူသည်။

စိတ်ဝမ်းကွဲခြင်းမှာလည်း မိမိအား ရွှေကျားဂိုဏ်းတွင် ဒုတိယဂိုဏ်းချုပ် ခန့်လိုသည့်ကိစ္စနှင့် ပတ်သက်မည်ဟု သူသိနေသည်။

ထို့နောက် သူသည် အရက်ခွက်ကို စားပွဲပေါ်သို့ ပြန်ချလိုက်သည်။

ရွှေကျားဂိုဏ်းချုပ်ကြီး စုချူးထင်းက သူ့အား အံ့သြစွာကြည့်လိုက်ပြီး ...

"နည်းလှချည်လားကွ စွန်းမင်းကျူးရ"

စွန်းမင်းကျူးက ပြုံးလိုက်ပြီး ...

"ကျွန်တော် အရက်သိပ်မကြိုက်လို့ပါ"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက စကားစလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မင်းနဲ့အများကြီး ဆွေးနွေးစရာရှိတယ်"

စွန်းမင်းကျူးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့"

ရွှေကျားဂိုဏ်းချုပ်ကြီး စုချူးထင်းက စွန်းမင်းကျူးအား စေ့စေ့ကြည့်လိုက်ပြီး ...

"ပွင့်ပွင့်လင်းလင်းပြောရရင် မင်းကို ကျုပ်ဂိုဏ်းမှာ ဒုတိယဂိုဏ်းချုပ်အဖြစ် သတ်မှတ်ခန့်ထားဖို့နဲ့ နောက်တစ်ခုက ..."

စုချူးထင်းသည် စကားကို ခေတ္တရပ်လိုက်၏။

စွန်းမင်းကျူးက ...

"ဆက်ပြောပါ ဂိုဏ်းချုပ်ကြီး"

စုချူးထင်းက ခေါင်းညိတ်လိုက်သည်။

"အေး ... နောက်တစ်ခုကို ဆက်ပြောရမယ်ဆိုရင်တော့ ..."

သူသည် သမီးဖြစ်သူ စုချူးမေကို တစ်ချက်ကြည့်လိုက်ရင်း ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက စကားဆက်လိုက်သည်။

"မင်းနဲ့ ကျုပ်သမီးကို လက်ထပ်ပေးချင်လို့ပဲကွ"

'ဗျာ' ဟု လွှတ်ခနဲ ပါးစပ်မှထွက်မသွားမိစေရန် စွန်းမင်းကျူးက မနည်းသတိထားလိုက်ရသည်။



ထိုစကားမှာ ...

သူ မမျှော်လင့်သည့်စကားဖြစ်သည် မဟုတ်ပါလော။

စုချူးမေမှာ ရှက်သွေးနှင့်အတူ မျက်နှာမှာလည်း နှင်းဆီရင့်ရောင် နီရဲသွားလေတော့သည်။

သူမ၏နှုတ်မှလည်း အာမေဋိတ်သံ လွှတ်ခနဲထွက်မိသည်။

"အို"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းသည့် အမှန်ပင် ပွင့်လင်းလွန်းလှသည်။

သမီးလက်ထပ်မည့်ကိစ္စကို သမီး၏ရှေ့တွင် မပြောသင့်ပေ။

သူသည် စွန်းမင်းကျူးအား တစ်ချက်ကြည့်လိုက်ပြီး ...

"ငါ ဒီလိုပြောလိမ့်မယ်လို့ မင်းစိတ်ထဲမှာ မထင်ဘူး မဟုတ်လား"

စွန်းမင်းကျူးက ဝန်ခံလိုက်သည်။

"မှန်ပါတယ်ခင်ဗျာ"

စုချူးထင်းက ခေါင်းညိတ်လိုက်သည်။

"ငါ အခုလို အဆောတလျင် ဆောင်ရွက်လိုက်တာဟာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ငါ့မှာ နိုင်လုံတဲ့အကြောင်းပြချက်တွေ ရှိပါတယ်၊ နောက်ဆုံး ငါပြောမယ် စွန်းမင်းကျူး ... တကယ်တော့ ငါဟာ ဧရာပိုင်းကို ရောက်နေတဲ့ လူတစ်ယောက်ပါကွယ်၊ ငါ့ရဲ့နောက်ကွယ်မှာ သေခြင်းတရားဟာ အရိပ်လိုလိုက်နေတဲ့ အရွယ်ကွ၊ မင်းဆရာတောင် သေခြင်းတရားကို မလွန်ဆန်နိုင်ဘဲ ရင်ဆိုင်ခဲ့ရပြီးပြီ မဟုတ်လား ...၊

အေး ... ဒါပဲ ကျန်တော့တယ်၊ အဲဒီတော့ ဒီနေရာမှာ ငါ့ရဲ့ ဆုံးဖြတ်ချက် တိကျပြတ်သားဖို့ လိုတယ်၊ ငါမရှိတဲ့နောက်ပိုင်း ငါ့ကိုယ်စား ငါ့ရဲ့ဂိုဏ်းကိုစောင့်ရှောက်ဖို့ လူတော်လူကောင်း အမှန်တကယ် လိုအပ်နေပြီ ...၊

ရွှေကျားဂိုဏ်းမှာ ငါမရှိတော့ရင် ငါ့နေရာဝင်မယ့်လူကို ငါ စဉ်းစားလိုက်မိတယ်၊ ငါ့နေရာ ကို အစားဝင်နိုင်းတဲ့လူကတော့ မင်းပဲ ရှိတယ်ဆိုတာ ငါတွေးလိုက်မိတယ်၊ ဒါကြောင့်လည်း ငါ မင်းကို ခေါ် လိုက်ရတာပဲကွဲ့"

စွန်းမင်းကျူးက ပြန်မေးလိုက်သည်။

"ဂိုဏ်းချုပ်ကြီးနေရာမှာ ဂိုဏ်းချုပ်ကြီးရဲ့ညီကို အစားထိုးလို့ မရဘူးလား၊ သူက ပိုပြီး မသင့်လျော်ဘူးလား ခင်ဗျာ"

စုချူးထင်းက ခေါင်းခါယမ်းလိုက်သည်။



"မဖြစ်ဘူး မဖြစ်ဘူး ... လုံးဝမဖြစ်ဘူး"

စုချူးထင်းက ခေါင်းခါလေ၏။

စွန်းမင်းကျူးက စုချူးထင်းအား လှမ်း၍ကြည့်လိုက်ပြီး နောက် ...

"ဘာဖြစ်လို့လဲ ဂိုဏ်းချုပ်ကြီး"

ရွှေကျားဂိုဏ်းချုပ် စုချူးထင်းက သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ဒီကောင်က သိုင်းပညာအခြေခံလည်း မကောင်းဘူး၊ ဒီကြားထဲ အကျင့်စာရိတ္တက ခပ်ပျက်ပျက်၊ အင်း ... ရွှေကျားဂိုဏ်းကြီးကိုသာ ဒီကောင့်လက်ထဲ အပ်လိုက်လို့တော့ သူခိုးကို ဘဏ္ဍာစိုးခန့်လိုက်သလို ဖြစ်သွားလိမ့်မယ်"

စုချူးထင်းသည် စကားစဖြတ်ပြီး အဝေးသို့ ငေးကြည့်နေသည်။

စုချူးမေသည် မျက်နှာပူလှသဖြင့် ထသွားရကောင်းနိုး၊ ဆက်ပြီးထိုင်နေရကောင်းနိုးနှင့် ဝေခွဲမရနိုင်လောက်အောင် ဖြစ်နေသည်။

အမှန်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



စုချူးမေမှာ ... ‐

စိတ်အနှောင့်အယှက်ဖြစ်ကာ အတော်လေးပင် ကျဉ်းထဲကျပ်ထဲ ရောက်နေခြင်းဖြစ်သည်။

ထို့အပြင် ...

အဖေလုပ်သူကလည်း သမီးကို ရှေ့ထား၍ သမီး၏အိမ်ထောင်ရေးကိစ္စကို ဆွေးနွေးနေသည်။

စုချူးမေမှာ မျက်နှာမထားတတ်အောင်ဖြစ်ကာ ထ၍ပြေးချင်စိတ်ပင် ပေါက်လာသည်။

မိမိနောက်ကွယ်တွင်ဆို အကြောင်းမဟုတ်ပေ။

ယခု ...

စုချူးမေအဖို့ အတော်အနေရခက်နေရှာသည်။

ထိုစဉ် ...

စုချူးထင်းက သူပြောလိုသည့် အကြောင်းအရာတွေကို ဆက်ပြောလေတော့၏။

"ဒီမှာ စွန်းမင်းကျူး ... မင်းက မင်းဆရာရဲ့စကားကို အင်မတန် နားထောင်တဲ့လူငယ်တစ်ယောက်လို့ ငါ ကြားခဲ့တယ်၊ မင်းဆရာကလည်း ငါနဲ့ ဂိုဏ်းတူညီအစ်ကို တော်စပ်တော့ ငါ့စကားကို



လည်း မင်း နားထောင်ရလိမ့်မယ်လို့ ငါ မျှော်လင့်မိတယ်၊ အဲဒီတော့ မင်းအနေနဲ့ ဘယ်လိုသဘောရသလဲဆိုတာ ငါ့ကို အမှန်အတိုင်း ပွင့်ပွင့်လင်းလင်းပြောပါ"

ထိုစဉ် ...

စုချူးမေသည် ထိုင်ရာမှ ထပြေးလေတော့၏။

အကြောင်းမှာ ...

စွန်းမင်းကျူးက လက်ခံလိုက်လျှင်လည်း သူ့အတွက် မျက်နှာပူစရာ၊ သို့မဟုတ် ငြင်းပယ်လိုက်လျှင်လည်း ရှက်စရာ မဟုတ်ပါလား။

"အားနာလိုက်တာ မိန်းကလေးရယ်"

သူသည် စိတ်ထဲက ကျိတ်ပြီး တောင်းပန်လိုက်မိသည်။

ထိုစဉ်မှာပင် ...

စုချူးထင်းက မေးလာလေ၏။

"ပွင့်ပွင့်လင်းလင်းပြောပါ စွန်းမင်းကျူး ... သမီး ထွက်သွားတာ ကောင်းတယ်၊ မင်းလည်း အားမနာရတော့ဘူးပေါ့"

သူသည် ခေါင်းညိတ်ရင်း ရွှေကျားဂိုဏ်းချုပ်ကြီးကို အဖြေပေးလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ သူ၏ကတိစကားသာ ဖြစ်ပါသည်။

"ဂိုဏ်းချုပ်ကြီးသဘောအတိုင်းပါပဲခင်ဗျာ"

★★★



## အခန်း (၆)

တစ်ချိန်တည်းမှာပင် ...

လူရိပ်သဏ္ဌာန်တစ်ခုကလည်း ရိပ်ခနဲ လှုပ်ရှားသွားကာ ဝရန်တာပေါ်မှ ခုန်ဆင်းသွားသည်ကို တွေ့မြင်လိုက်ရသည်။

"ဘယ်သူများပါလိမ့်"

စွန်းမင်းကျူး ခုန်ထွက်လိုက်သည်။

သို့သော် ...

လူရိပ်ကိုတော့ သဲသဲကွဲကွဲ မမြင်လိုက်ရချေ။

ထိုအရိပ်သဏ္ဌာန်သည် ခြံစည်းရိုးကို လွှားခနဲ ခုန်ကျော်ပြီး ထွက်ပြေးပျောက်ကွယ်သွားသည်။

သူသည် ဧည့်ခန်းထဲသို့ ပြန်ဝင်လာ၏။

"အင်မတန် ကိုယ်ဖော့ပညာကောင်းတဲ့လူပဲ"

ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးစုချူးထင်းသည် အပေါက်ဝသို့ ရောက်ရှိနေလေပြီ။

သူတို့အား လုပ်ကြံသောရန်သူကို စွန်းမင်းကျူး ဖမ်းမိ,မမိ သူသိလိုပေသည်။

"မိလိုက်သလား ငါ့တူ"

"မမိပါဘူး ဂိုဏ်းချုပ်ကြီးရယ်"

သူတို့၏ဆွေးနွေးပွဲလည်း ပြီးဆုံးသွားလေပြီ။

စိတ်ထဲတွင် စုထင်းဝမ်များ ဖြစ်နေမလားဟု သံသယဖြစ်လာမိသည်။

သို့သော် သံသယဆိုသည်မှာ သံသယဖြစ်သည်။ မသေချာချေ။

အတွေးအထင်အမြင်ဖြင့် ဆုံးဖြတ်လျှင် မှားယွင်းတတ်သဖြင့် စွန်းမင်းကျူးသည် ထိုအတွေးကို စိတ်ထဲတွင်ပင် ဖျောက်ဖျက်ပစ်လိုက်၏။

ထို့နောက် ...

သူသည် ဂိုဏ်းချုပ်ကြီးစုချူးထင်းကို နှုတ်ဆက်ပြီး ခြံထဲသို့ ဆင်းလာခဲ့၏။



ခြံထဲ၌ ပန်းချုံများကိုကြည့်ပြီး ရန်သူများ ခိုအောင်းနိုင်သည်ဟု ယူဆသောနေရာများကို လိုက်လံစစ်ဆေးသည်။

ထိုစဉ် ...

သူ့ရှေ့ ခပ်လှမ်းလှမ်း၌ စုချူးမေကို တွေ့လိုက်ရလေတော့သည်။

★



www.burmeseclassic.com

www.burmeseclassic.com



စုချူးမေ ...။

စုချူးမေသည် ခြံထဲရှိ အလှအပများစီခြယ်ထားသော ရေကန်ဆီသို့ ရှေ့ရှု၍သွားနေလေသည်။

စွန်းမင်းကျူးသည် သူမအား သေချာစွာ ကြည့်လိုက်တော့သည်။ သူ၏စိတ်ထဲမှလည်း တွေးကြည့်မိသည်။

"အင်း ... ဒီမိန်းကလေးတော့ ငါ့ကို လုပ်ကြံလိမ့်မယ် မထင်ပါဘူး"

ထို့နောက် ...

သူသည် ခေါင်းကိုတစ်ချက် ခါယမ်းကာ အတွေးစများကို မောင်းထုတ်ပစ်လိုက်သည်။

သူသည် ဘာမျှဆက်မတွေးတော့ဘဲ စုချူးမေ သွားနေသည့် ရေကန်ဘက်ဆီသို့ ဦးတည်၍ လျှောက်သွားမိလေ၏။



ထိုရေကန်သည် ရွှေကျားခြံဝင်း၏အလယ်တွင် တည်ရှိသည်။

စုချူးမေသည် ရေကန်ကိုပတ်၍ လျှောက်နေသည်။

သူမသည် ဖြည်းဖြည်းဖြင့် ထိုရေကန်၏ခုံတန်းအနားသို့ ရောက်ရှိသွားသည်။

ထို့နောက် သူမသည် ထိုခုံတန်းကလေးအပေါ်တွင် ထိုင်လိုက်သည်။

ထို့ကြောင့် စွန်းမင်းကျူးကို ကျောခိုင်းထိုင်လျက်သား ဖြစ်နေသည်။

သူမသည် ကျောခိုင်းထိုင်နေသဖြင့် စွန်းမင်းကျူးကို မမြင်နိုင်ချေ။

တစ်ခဏအကြာတွင် စွန်းမင်းကျူး ရောက်လာသည်။

သူမသည် ခြေသံကြား၍ လှည့်ကြည့်လိုက်သောအခါ စွန်းမင်းကျူးအား မြင်တွေ့သွားသည်။

သူတို့နှစ်ယောက်သည် မျက်လုံးချင်းဆုံသွားကြသည်။

"ဟင်"

စွန်းမင်းကျူးကို တွေ့သောအခါ စုချူးမေက တအံ့တသြ

www.burmeseclassic.com

www.burmeseclassic.com



ရေရွတ်လိုက်သည်။ စွန်းမင်းကျူးက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ညီမ ပျင်းနေပြီလား"

စုချူးမေသည် ထိုင်ရာမှ ထရပ်ရမလို ဆက်ပဲထိုင်ရမလို ဖြစ်နေသည်။

စွန်းမင်းကျူးက တည်ငြိမ်အေးဆေးသောလေသံဖြင့် ...

"ကျွန်တော် စကားနည်းနည်းလောက် ပြောချင်ပါတယ်၊ ပြောခွင့်ပြုပါခင်ဗျာ"

စွန်းမင်းကျူး၏လေသံမှာ ရေပြင်ပေါ်မှ ရှပ်တိုက်ပြေးလွှားသွားသော လေပြည်နုနှင့် တူနေသည်။

စုချူးမေသည် ဘာမှပြန်မပြောရဲသကဲ့သို့ ရှိနေသည်။

အတန်ကြာမှ ...

သူမသည် မဝံ့မရဲဟန်ဖြင့် သက်ပြင်းတစ်ချက် ခပ်ဖွဖွချကာ ...

"အစ်ကို ဘာပြောချင်လို့လဲ"

သူမ၏စိတ်ထဲတွင် ရှက်ရွံ့စိုးရိမ်စိတ်များ ဝင်နေသည်။

သူမ၏တောက်ပသောမျက်ဝန်းအစုံက ရွံ့ထိတ်မှုများကို ဖော်ပြနေသည်။



စွန်းမင်းကျူးသည် စုချူးမေအား တစ်ချက်လှမ်းကြည့်လိုက်ပြီး ...

"ညီမကို အစ်ကို သိပ်အားနာတယ်"

ထိုအခါ ...

စုချူးမေက မျက်လုံးလေး တလည်လည်ဖြင့် ...

"ဘာကိုအားနာနေတာလဲ အစ်ကို"

စွန်းမင်းကျူးက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ညီမရှေ့မှာ ပြောလိုက်တဲ့ ဂိုဏ်းချုပ်ကြီးရဲ့စကားနဲ့ ပတ်သက်ပြီး"

သူသည် စကားကို ရှေ့ဆက်မပြောသေးဘဲ စုချူးမေအား လှမ်း၍ အကဲခတ်လိုက်သည်။

"အို"

စုချူးမေက အလန့်တကြား ရေရွတ်လိုက်သည်။

သူမ၏မျက်နှာပြင်ပေါ်တွင် ရှက်ရွံ့မှုများ လွှမ်းခြုံနေသည်။

စွန်းမင်းကျူးက လေသံသွဲ့သွဲ့ဖြင့် ပြောလိုက်သည်။

"အစ်ကို့ကို ဘယ်လိုမှမထင်ပါနဲ့ ညီမရယ် ... ညီမ,ဖြစ်ချင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဆန္ဒကိုသာ ပွင့်ပွင့်လင်းလင်းပြောပါ၊ ညီမရဲ့ဆန္ဒအတိုင်းဖြစ်အောင် ဂိုဏ်းချုပ်ကြီးစုကို အစ်ကို ပြန်ပြီးချော့မော့ပေးပါ့မယ်"

စုချူးမေက ဘာမျှပြန်မပြောဘဲ တိတ်ဆိတ်နေသည်။

စွန်းမင်းကျူးသည်လည်း ဘာဆက်ပြောရမည်မသိဘဲ ငြိမ်သက်နေလေသည်။

ထိုစဉ်မှာပင် ...

★



ပလွေသံ ...။

အဝေးတစ်နေရာမှ ပလွေသံတစ်သံ ပျံ့လွင့်လာသည်ကို ကြားလိုက်ရသည်။

လွန်စွာကြေကွဲလွမ်းဆွတ်ဖွယ်ကောင်းသော ပလွေသံ ဖြစ်နေပါသည်။

"ဟင်"

စွန်းမင်းကျူးသည် ရုတ်တရက် ရေရွတ်လိုက်မိသည်။

အကြောင်းမှာ ...

ထိုပလွေသံနှင့်သီချင်းသံသည် သူ့အား ရွှေကျားဂေဟာသို့အလာတွင် တစ်လမ်းလုံး ဒုက္ခပေးခဲ့သည်။

မည်သည့်အရပ်ကလာသည့် ပလွေသံမှန်းမသိဘဲ သူကြားခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

သူသည် ထိုအကြောင်းကို မည်သူ့ကိုမျှ မပြောခဲ့ချေ။

စုချူးမေသည် ထိုပလွေသံကြားလိုက်ရသောအခါ မျက်နှာပျက်သွားသည်။

ပလွေသံရှင်မှာ ရွှေကျားဂေဟာအတွင်းမှ မဟုတ်ကြောင်း သေချာလှသည်။

ရွှေကျားဂေဟာခြံဝင်း၏အပြင်ဘက်မှ ပျံ့လွင့်ထွက်ပေါ်လာသောအသံဖြစ်သည်။

ထိုပလွေသံမှာ မည်သူမည်ဝါဖြစ်ကြောင်း စွန်းမင်းကျူး မသိချေ။

တေးသွား၏နောက်ကွယ်မှ လွင့်ပျံ့ထွက်ပေါ်လာသော ပလွေသံမှာလည်း ငြိမ့်ညောင်းသာယာလှသည်။

"ညီမ ကြားလား"

စွန်းမင်းကျူးက ရုတ်တရက် ပြောလိုက်သည်။

စုချူးမေက ခေါင်းကို လေးပင်စွာ ညိတ်ပြလိုက်ပြီး ...

"ကြားပါတယ် အစ်ကို၊ သူဟာ ချယ်ရီတွေ လှိုင်လှိုင်ပွင့်ချိန်မှာ ရောက်လာတတ်တယ်"



သူမသည် စိတ်မကောင်းဟန်ဖြင့် ပလွေရှင်၏အကြောင်းကို ပြောပြနေသည်။

သူမ၏ဟန်အမူအရာကြောင့် စွန်းမင်းကျူးသည် ဘယ်လိုနားလည်ရမှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်သွားသည်။

"သူ့ကို ညီမ သိသလား"

စုချူးမေက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ... သိပါတယ် အစ်ကို"

စွန်းမင်းကျူးက အံ့ဩသွားသည်။

"ဒီလိုဆိုရင် သူဟာ တစ်နှစ်တစ်ခါ ရောက်ရောက်လာတတ်တဲ့ တေးသံရှင်တစ်ယောက်ပေါ့ ... ဟုတ်လား"

စုချူးမေက ပြုံးလိုက်ပြီး ...

"ဟုတ်ပါတယ် အစ်ကို ... ချယ်ရီတွေ လှိုင်လှိုင်ပွင့်ရင် သူပျော်တယ်လို့ ပြောဖူးပါတယ်"

စွန်းမင်းကျူးက ပို၍ အံ့ဩသွားသည်။

"သူနဲ့ညီမ သိလို့လား"

စုချူးမေက သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူနဲ့ညီမ ခင်မင်ခဲ့တာ ငါးနှစ်လောက်တောင် ရှိခဲ့ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် စွန်းမင်းကျူးက ခြံဝင်းအပြင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်ပြီး ...

"ဒီလိုဆိုရင် သူ့ကို ဂေဟာထဲ ခေါ်လိုက်ပါလား ညီမရယ်"

"အို"

စွန်းမင်းကျူး၏စကားကြောင့် စုချူးမေ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားသည်။

စွန်းမင်းကျူးက မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ ညီမရဲ့"

စုချူးမေက ဦးခေါင်းကို ခပ်သွက်သွက် ခါယမ်းလိုက်ပြီး...

"မဖြစ်ဘူး မဖြစ်ဘူး ... သူ့ကို ဂေဟာထဲကိုခေါ်လို့ မဖြစ်ဘူး၊ ဖေဖေသိရင် ပြဿနာတက်လိမ့်မယ်"

သူမသည် ခေါင်းတခါခါ လည်တခါခါဖြင့် အထိတ်တလန့် ပြန်ပြောလိုက်၏။

စွန်းမင်းကျူးမှာ နားမလည်နိုင်စွာဖြင့် သူမကို ကြည့်လိုက်ပြီး ...

"အစ်ကိုတော့ နားမလည်တော့ဘူး၊ ဘာဖြစ်လို့လဲ ညီမရဲ့"

စုချူးမေသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ...



"သူဟာ ညီမတို့လူမျိုးမဟုတ်ဘူး အစ်ကို"

"ဟင်"

ယခုအခါ ...

အံ့ဩထိတ်လန့်သွားသူမှာ စုချူးမေ မဟုတ်ဘဲ စွန်းမင်းကျူးတစ်ယောက်ပင် ဖြစ်လေသည်။

စုချူးမေသည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... သူဟာ ကျွန်မတို့လူမျိုး မဟုတ်ဘူး၊ တိဗက်လူမျိုးပါ"

စွန်းမင်းကျူးက မျက်မှောင်ကြုတ်သွားသည်။

သူ၏မျက်နှာ အံ့ဩမှုအရိပ်အယောင်များ ပျက်ပြယ်မသွားသေးပါချေ။

"သူက ဂိုဏ်းချုပ်ကြီးစုနဲ့ ရန်ငြိုးရှိလို့လား"

စုချူးမေသည် ခေါင်းကို လေးပင်စွာ ခါယမ်းလိုက်လေသည်။

"ရန်ငြိုးရယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဖေဖေနဲ့သူနဲ့က စကားပြော သိပ်အဆင်မပြေကြဘူး"

"ဘယ်လိုအကြောင်းမျိုးနဲ့ အဆင်မပြေဖြစ်ကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးက စပ်စုလိုက်သည်။

စုချူးမေသည် အနည်းငယ်စဉ်းစားနေဟန်ဖြင့် ခပ်ဆိုင်းဆိုင်း ဖြစ်သွားသည်။

အတန်ကြာမှ သူမက စကားဆက်လိုက်သည်။

"သူက အနုပညာသမားလေ၊ ဖေဖေက အစ်ကိုသိတဲ့အတိုင်းပဲ ... ဒါမျိုး လက်မခံဘူး။ ပွင့်ပွင့်လင်းလင်းနဲ့ ပြတ်ပြတ်သားသားပြောဆိုတဲ့ သိုင်းသမားတစ်ယောက်ပဲ၊ အဲဒီတော့ လူကြမ်းနဲ့လူပျော့ ဘယ်လိုပေါင်းစည်း ညီညွတ်လို့ရမှာလဲ အစ်ကို"

စွန်းမင်းကျူးက ပြုံးလိုက်မိသည်။

မှန်ပါသည် ...။

ဆန့်ကျင်ဘက်နှစ်ခုသည် မည်သည့်အခါတွင်မှ ပေါင်းစည်း၍ ရနိုင်မည် မဟုတ်ချေ။

ထိုစဉ်မှာပင် ...

ပလွေမှုတ်သံနှင့်အတူ သီချင်းဆိုသံ ပြန်လည်ထွက်ပေါ်လာပြန်သည်။

စွန်းမင်းကျူးက မေးလိုက်ပြန်သည်။

"သူ့နာမည်ကို ညီမလေးသိလား"



စုချူးမေက ခေါင်းညိတ်ပြလိုက်သည်။

"သိပါတယ်"

စွန်းမင်းကျူးက စုချူးမေအား တစ်ချက်လှမ်းကြည့်လိုက်ပြီး ...

"ဘယ်လိုခေါ်လဲ"

စုချူးမေက သက်ပြင်းတစ်ချက်ချလိုက်ပြီး ...

"ရှမဟာန်ပါ အစ်ကို၊ ရှမဟာန်ဟာ အင်မတန် ဗဟုသုတရှိပြီး ဉာဏ်ပညာကြီးတဲ့ လူတစ်ယောက်ပါ အစ်ကို၊ ကျွန်မ သူ့ကို လေးစားပါတယ်"

စွန်းမင်းကျူးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့ ... လေးစားသင့်တဲ့လူကို လေးစားရမှာပေါ့"

ထိုအချိန်တွင် သီချင်းသံနှင့်ပလွေသံက ခပ်မှန်မှန်ပေါ်ထွက်လာလေသည်။

လေကလည်း သင့်နေသဖြင့် သူတို့အတွက် သီမှုတ်ပေးသလို ဖြစ်နေသည်။

အတန်ကြာသည်အထိ နှစ်ယောက်လုံး ငြိမ်သက်တိတ်ဆိတ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စုချူးမေသည် သက်ပြင်းတစ်ချက်ကို ချလိုက်ပြီး ...

"ကျွန်မကို ခွင့်ပြုပါဦး"

သူမသည် ယင်းသို့ပြောပြီး ဂေဟာရှိရာဘက်သို့ ခြေလှမ်းမှန်မှန်ဖြင့် ထွက်သွားလေတော့သည်။

ငြိမ့်ညောင်းသာယာသော ပလွေသံကမူ ယခုတိုင် ကြားနေဆဲပင်။

★★★



## အခန်း (၇)

စွန်းမင်းကျူးသည် တိဗက်လူမျိုးဟုဆိုသော ရှမဟန်အားများစွာ စိတ်ဝင်စားနေမိသည်။

ရှမဟန်ဆိုသူသည် မည်သို့သောပုဂ္ဂိုလ်မျိုးနည်း။

၎င်း၏ရုပ်ဆင်းသဏ္ဌာန်သည် မည်သို့မည်ပုံ ရှိနေပါသနည်း။

စွန်းမင်းကျူးသည် ရှမဟန်၏အကြောင်းနှင့်ပတ်သက်၍ ရောက်တတ်ရာရာ တွေးတောနေမိသည်။

သို့သော် ...

သူ့ထုံးစံအရ အတွေးအထင်နှင့် မှန်းဆသောလုပ်ရပ်သည် မသေချာသဖြင့် နောက်ဆုံး၌ ထိုအတွေးကို ဖြတ်ပစ်လိုက်တော့၏။

★

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျားဂေဟာ၏ဥယျာဉ်သည် အလွန်ဆိတ်ငြိမ်သာယာသော နေရာတစ်ခုဖြစ်သည်။

စွန်းမင်းကျူးသည် ရေကန်၏ကမ်းစပ်ရှိ ခုံတန်းရှည်ပေါ်တွင် ထိုင်နေသည်။

သူ၏ရှေ့တွင် လှပသောရေကန်ပြာ၊ သူ၏ပတ်ဝန်းကျင်တွင် ရောင်စုံပန်းများ ဖူးပွင့်နေကြသည်။

သာယာလှသော အလှအပများသည် စွန်းမင်းကျူးကို နှစ်သက်မွေ့လျော်စေခဲ့သည်။

စွန်းမင်းကျူးသည် ရွှေကျားဂေဟာသို့ ရောက်ရှိခဲ့သည်မှာ ရက်သတ္တတစ်ပတ်ပင် ရှိခဲ့ပြီ။

သူသည် ပျင်းတိုင်း ဥယျာဉ်ထဲ ဆင်းထိုင်လေ့ရှိသည်။

သူသည် ...



ထိုင်ရင်း စုချူးမေအကြောင်းကို စဉ်းစားနေမိသည်။

စုချူးမေသည် လှပသောမိန်းကလေးတစ်ယောက်ဖြစ်၍ သူ့စိတ်ဝင်စားနေမိသည့်ကတော့ အမှန်ပင်ဖြစ်သည်။

ထိုစဉ် အသံတစ်သံကို ကြားလိုက်မိလေ၏။

မည်သို့ဆိုစေ ...,

စွန်းမင်းကျူးသည် အသံလာရာသို့ ကြည့်လိုက်သောအခါ လူတစ်ယောက် သူ့ထံသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရသည်။

ထိုလူသည် ရွှေကျားဂေဟာ၏လူလော၊ ပြင်ပမှ လူလော သူသည် မသိရှိချေ။

ထိုသူသည် ...

အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ကျောတွင် ဓားတစ်လက် ပိုးထားသည်။

သူ၏အသက်အရွယ် နှစ်ဆယ်ကျော်ခန့် ရှိမည်ဖြစ်ပါသည်။

ကိုယ်ခန္ဓာ ကြံ့ခိုင်ခြင်းနှင့် လှုပ်ရှားမှု ဖျတ်လတ်ခြင်းတို့က သူ့အား သိုင်းသမားကောင်းတစ်ယောက်ဖြစ်ကြောင်း ဖော်ပြသလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် စွန်းမင်းကျူးအနားသို့ ခပ်သုတ်သုတ် လျှောက်လာလေ၏။

စွန်းမင်းကျူးသည် မျက်မှောင်ကြုတ်ပြီး အကဲခတ်လိုက်သည်။

စွန်းမင်းကျူးက မေးလိုက်သည်။

"မင်းက ဘယ်သူလဲ"

ထိုလူက မဆိုင်းမတွပင် ပြန်ဖြေသည်။

"ကျွန်တော့်နာမည် သန်းယို့ပါ"

စွန်းမင်းကျူးက ထိုသူအား လှမ်းကြည့်လိုက်ပြီး ...

"ဘာကိစ္စနဲ့ ကျုပ်ကို ခေါ်တာလဲ"

သန်းယို့ဆိုသောသူသည် ချက်ချင်း ပြန်မဖြေသေးဘဲ ပတ်ဝန်းကျင်အား ကျီးကန်းတောင်းမှောက် ကြည့်နေလေသည်။

ထိုသူ၏လှုပ်ရှားမှုမှာ အကဲမရချေ။ ထို့ကြောင့် ခပ်ထန်ထန် မေးလိုက်၏။

"မင်းက ဘာလိုက်ကြည့်နေတာလဲ၊ ဘယ်လိုလုပ်ပြီး ဒီရွှေကျားဂေဟာခြံဝင်းထဲ ရောက်လာရတာလဲ"

ထိုသူက ...



စွန်းမင်းကျူးအား ဦးညွှတ်အရိုအသေပေးလိုက်ပြီး ...

"ကျွန်တော်က ဂိုဏ်းချုပ်ကြီးစုရဲ့ အခိုင်းအစေတစ်ယောက်ပါ၊ အခု အစ်ကို့ကို စာတစ်စောင်ပေးလိုက်လို့ လာပို့တာပါ"

စွန်းမင်းကျူးက မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူက ပေးခိုင်းလိုက်တာလဲ၊ ဂိုဏ်းချုပ်ကြီးစုကလား"

ထိုသူက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးခင်ဗျာ၊ ဟိုစာပေးသမား ရှမဟန်က ပေးခိုင်းလိုက်တာပါ"

သန်းယို့ဆိုသောလူ၏စကားကြောင့် စွန်းမင်းကျူးသည် ထိုင်နေရာမှ ထရပ်လိုက်မိလေတော့သည်။ သူ၏နှုတ်မှလည်း အံ့ဩဟန်ဖြင့် ...

"ရှမဟန် ... ဟုတ်လား"

ထိုသူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျ"

စွန်းမင်းကျူးက နားမလည်ဟန်ဖြင့် ...

"သူက ကျုပ်ကို သိလို့လား"

ထိုသူက ပြုံးလိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"သိတယ်လို့တော့ ပြောတယ်"

စွန်းမင်းကျူးမှာ ပို၍အံ့သြသွားရလေသည်။

"ကျုပ် သူ့ကိုမသိပါလား"

ထိုသူက ခပ်ယဲ့ယဲ့ပြုံးလိုက်ပြီး ...

"ဒါတော့ ကျွန်တော်လည်း မသိဘူးဗျ"

စွန်းမင်းကျူးက တစ်စုံတစ်ခု စဉ်းစားမိဟန်ဖြင့် ပတ်ဝန်းကျင်အား ဝေ့ဝဲအကဲခတ်လိုက်ပြီး ...

"အခု သူ ဘယ်မှာလဲ"

ထိုသူက လေသံကိုနှိမ့်၍ ...

"အခု သူ ထန်ကျန်းမြို့စွန်ရဲ့ ဘုံကျောင်းပျက်ထဲမှာ ရှိပါတယ်"

စွန်းမင်းကျူးက လက်ကာပြလိုက်ပြီး ...

"နေပါဦး ... ရှမဟန်ဆိုတဲ့လူက အသက်ဘယ်လောက်ရှိပြီလဲကွ"

ထိုသူက အနည်းငယ်စဉ်းစားလိုက်ပြီး ...

"ခပ်ငယ်ငယ်ပဲ ရှိသေးတယ်ဗျ၊ ကျွန်တော့်စိတ်ထင်တော့ နှစ်ဆယ့်ခြောက်နှစ်ထက် ပိုမယ်မထင်ဘူး"



ထိုစကားကြောင့် စွန်းမင်းကျူး၏မျက်ခုံးမွေးအစုံသည် နဖူးပေါ်သို့ မြင့်တက်သွားလေသည်။

သူသည် ရှမဟန်အား မတွေ့ဖူးသော်လည်း စိတ်ကူးဖြင့် သူ၏အကြောင်းကို စဉ်းစားမိထားခဲ့သည်။

စွန်းမင်းကျူးသည် သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်ပြီး ပြောလိုက်သည်။

"အင်း ... အတော်ပဲ၊ ကျုပ်ကိုယ်တိုင်ကလည်း သူ့ကိုတွေ့ချင်နေတာ"

ထို့နောက် ...

သူသည် သန်းယို့ဆိုသောလူအား တစ်ချက်လှမ်းကြည့်လိုက်ပြီး ...

"ဒါနဲ့ ဘယ်မှာလဲ သူ့စာ"

ထိုသူက အင်္ကျီရင်ဘတ်ထဲမှ စာရွက်ခေါက်လေးကို နှိုက်ယူလိုက်ပြီး ...

"ဟောဒီမှာပါခင်ဗျာ"

စွန်းမင်းကျူးသည် ထိုသူလှမ်းပေးသောစာရွက်ကို လှမ်းယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ...

သန်းယို့သည် သူ့အား ဂါရဝပြု၍ ထွက်ခွာသွားလေတော့သည်။

★



စွန်းမင်းကျူးသည် ထွက်ခွာသွားသော သန်းယို့အား ငေးကြည့်နေမိသည်။

သူသည် တိဗက်ပြည်သား ရှမဟန်အကြောင်းကို တွေးနေမိသည်။

အတန်ကြာမှ ...

သူသည် လက်ထဲမှ သန်းယို့ပေးသွားသောစာကို ဖြန့်ဖတ်လိုက်သည်။

စာမှာ ..

*မိတ်ဆွေကြီး စွန်းမင်းကျူး ...*

*အခုအချိန်မှာ မိတ်ဆွေကြီး ကျုပ်ကို တွေ့ချင်နေပါလိမ့်မယ်။ မိတ်ဆွေကြီးကို ကျုပ်ကလည်း တွေ့ဆုံချင်ပါတယ်။*

www.burmeseclassic.com

www.burmeseclassic.com



*ဒါကြောင့် ဒီစာကိုရရင် မိတ်ဆွေကြီး ကျုပ်ဆီကို လာလိမ့် မယ်လို့ ထင်ပါတယ်။*

*မျှော်လင့်လျက် ...*

*ရှမဟာန်*

*ထန်ကျန်းမြို့စွန် (တုံမျိုးနွယ်စုဘုံကျောင်း)*

ဟု ရေးသားထားသည်ကို တွေ့လိုက်ရသည်။

ထို့နောက် သူသည် ရှမဟာန်၏အကြောင်းများကို ဆက်လက် တွေးနေမိသည်။

သူ၏စာထဲတွင် ရေးသားထားသော စာကြောင်းအဓိပ္ပာယ်များသည် ရှင်းလင်းနေပါသည်။

စွန်းမင်းကျူးသည် စာကို ခေါက်၍ သိမ်းဆည်းလိုက်သည်။

ထို့နောက် ...

သူသည် မဲ့ပြုံးပြုံးကာ ရေကန်ပေါင်တွင် ရပ်နေရာမှ ဆက်၍ လျှောက်သွားလိုက်သည်။

သူသည် ရှမဟာန်နေထိုင်ရာသို့ သွားရောက်ရန် ဆုံးဖြတ်ပြီး ဖြစ်လေသည်။



သူသည် ရွှေကျားဂေဟာမှ ထွက်ခွာရမည်ဖြစ်၍ ရွှေကျားဂိုဏ်းချုပ်ကြီး စုချူးထင်းကို နှုတ်မဆက်၍မဖြစ်ပါ။

ထို့ကြောင့် ...

ရွှေကျားဂိုဏ်းချုပ်ကြီးအား သွားရောက်နှုတ်ဆက်ရပါသည်။

ရွှေကျားဂိုဏ်းချုပ်ကြီး စုချူးထင်းက စွန်းမင်းကျူးကို သေချာစွာ ကြည့်လေ၏။

"ငါ့တူ ... မင်း ဘယ်ကိုသွားမှာလဲ"

စွန်းမင်းကျူးက ...

"ထန်ကျန်းမြို့ကိုပါ၊ အဲဒီမှာ မိတ်ဆွေတစ်ယောက်နဲ့ သွားတွေ့ဖို့ပါ"

ရွှေကျားဂိုဏ်းချုပ်ကြီးမှာ ခေါင်းကိုယမ်းပြီး ...

"မင်းတစ်ယောက်တည်းသွားတယ်ဆိုတော့ ငါသဘောမကျဘူး၊ အကူတစ်ယောက်ယောက်ကို ခေါ်သွားသင့်တယ်လို့ ထင်တယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ သွားတွေ့ရမှာကလည်း ကျွန်တော့်မိတ်ဆွေပါ၊ သိုင်းလောကမှာ ကျင်လည်ချိန် နည်းသေးပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သတိရှိပါတယ်၊ ဂိုဏ်းချုပ်ကြီးနဲ့ ရွှေကျားဂေဟာကို ကျွန်တော်လာခဲ့တာကိုပဲ ကြည့်ပါလား ... ကျွန်တော် ရုပ်ဖျက်လာခဲ့တယ်၊ ဒီမှာ ရွှေပျံလွှားဂိုဏ်းချုပ်ကြီးနဲ့ တိုက်ခိုက်ခဲ့တယ်၊ အဆိပ်လက်နက် ပုန်းပိုင်ရှင် ဟုန်ကျွမ့်နဲ့လည်း တိုက်ခိုက်ခဲ့တယ်"

"အဲဒါတွေကြောင့်ပေါ့ ... ဟုန်ကျွမ့်ဟာ အဆိပ်အပ်မှန်သွားပေမယ့် သူ့မိတ်ဆွေတွေက ကုသပေးလို့ ပြန်ကောင်းသွားတယ်၊ အသက်မသေပေမယ့် အတော်တော့ ခံလိုက်ရတယ်၊ ဒီတော့ မင်း အနေနဲ့ သိုင်းလောကထဲ သွားတဲ့အခါ ပိုပြီးသတိရှိရမယ်"

"စိတ်ချပါခင်ဗျာ ... ကျွန်တော် အသက်အန္တရာယ်ကိုကြည့်ပြီး ရှောင်ပါ့မယ်"

"ကဲ ကဲ ... မင်းကိုယ်မင်း ဒီလောက်ယုံနေမှာတော့ ငါ ဘယ်လိုမှ မပြောလိုတော့ဘူး၊ ရွှေကျားဂေဟာက မြင်းကောင်းတစ်စီးကိုတော့ မင်းယူသွားလိုက်"

"ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီးခင်ဗျာ"

သူသည် ရွှေကျားဂေဟာမှ ထွက်ခဲ့တော့သည်။

★



သူသည် ယခုထွက်လာသော ဒေသ၏ ဒေသခံတစ်ဦး မဟုတ်ပါ။

ထို့အပြင် ...

သူသည် ယင်းနယ်မြေကိုလည်း ကောင်းစွာမကျွမ်းကျင်ပါ။

သို့သော်လည်း သူသည် ပါးစပ်ပါလျှင် ရွာရောက်ဟူသော ယုံကြည်ချက်ဖြင့် ခရီးဆက်လာသည်။

သူသွားရမည့်ခရီးစဉ်မှာ ထန်ကျန်းမြို့တော်သို့ ရောက်ရှိရန်ပင် ဖြစ်သည်။

သူသည် ထန်ကျန်းမြို့တော်ရှိ တုံမျိုးနွယ်စု ဘုံကျောင်းတွင် ခေတ္တနားခိုနေသော ပလွေသံရှင် ရှမဟန်နှင့် တွေ့ဆုံရန်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် မြင်းကို မရပ်မနားဘဲ တောက်လျှောက်ကြီး နှင်လာခဲ့သည်။

မကြာမီမှာပင် သူသည် မြို့ငယ်လေးတစ်မြို့သို့ ရောက်ရှိလာလေသည်။

ထိုမြို့ငယ်လေးမှာ အိမ်ခြေပေါင်း သိပ်မများလှသဖြင့် တောရွာကလေးတစ်ရွာနှင့်ပင် တူနေသည်။

အိမ်ခြေနည်းပါးမှုကြောင့် ထိုမြို့ငယ်ကလေးမှာ စည်ကားမှု မရှိပါချေ။

ဤမြို့ငယ်ကလေး၏အမည်မှာ ကွမ်းယင်မြို့ပင် ဖြစ်သည်။

ကွမ်းယင်မြို့ကလေးတွင် စားသောက်ဆိုင်တစ်ဆိုင်ရှိသဖြင့် စွန်းမင်းကျူးသည် အလွန်ဝမ်းသာသွားလေသည်။

သူသည် ခရီးထွက်လာသည်မှာ နှစ်ရက်ခန့်ကြာပြီဖြစ်လေ၏။

သူသည် ထိုခရီးရှည်ကြီးအား မရပ်မနားဘဲ တောက်လျှောက် ခရီးပြင်းနှင်လာခဲ့ရသောကြောင့် ဆာလောင်မွတ်သိပ်မှုမှာ လွန်စွာပြင်းထန်နေလေပြီ။



စွန်းမင်းကျူးသည် ခရီးသွားရင်း ရှေ့လုပ်ငန်းကို ဆွဲမှတ်လိုက်သည်။

ယခုလောလောဆယ်တွင် သူသည် ပင်ပန်းနွမ်းနယ်နေသဖြင့် ခေတ္တနားမည်။

ထို့အတူ သူ၏မြင်းကိုလည်း ခေတ္တအနားပေးရမည်ဖြစ်သည်။

ထိုဆုံးဖြတ်ချက်ဖြင့် ခရီးပြင်းနှင်လာသောသူသည် စားသောက်ဆိုင်တစ်ခုကို လမ်းဘေးတစ်နေရာတွင် လှမ်းမြင်လိုက်ရသည်။

စွန်းမင်းကျူးသည် စားသောက်ဆိုင်အနားသို့မရောက်မီ မြင်းအား ဇက်သတ်လိုက်သည်။

သူ၏မြင်းမှာလည်း ပြေးနေရာမှ အရှိန်ကို လျှော့ချလိုက်သည်။

ထိုစဉ် ...

သူ၏အနီးသို့ သိုင်းသမားတစ်ဦး ရောက်ရှိလာ၏။

စွန်းမင်းကျူးက ...

"မိတ်ဆွေ ... ရှေ့က စားသောက်ဆိုင်ပါလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... စားသောက်ဆိုင်ပါ"

သူသည် လက်ညှိုးထိုးပြပြီး ပြောလိုက်၏။

"ကျေးဇူးတင်ပါတယ်ဗျာ"

ထိုလူလည်း ဦးညွတ်ဂါရဝပြုပြီး ထွက်သွားလေ၏။

ထိုလူသည် ကိုယ်ဖျော်ပညာ အလွန်ကောင်းသည်။

ထိုသူသည် သူဝင်မည့် စားသောက်ဆိုင်သို့ပင် ဝင်သွားသည်။

သူသည် သူ့၌ တစ်စုံတစ်ခု လိုအပ်နေသည်ဟု အထင်ရှိသွားသဖြင့် သူ၏ခါးကြားမှဓားကို ကြည့်လိုက်သောအခါ ဓားမရှိတော့ချေ။

သူက မျှဉ်းမျှဉ်းရယ်လိုက်၏။

"ဟင်း ဟင်း ဟင်း ... တော်တော်လျင်တဲ့ စောရပါလား၊ မင်းနဲ့တွေ့မှ ငါ့ဓား ပျောက်တာ၊ မင်းနဲ့ ဆိုင်မှာတွေ့ရဦးမယ်"

သူသည် တစ်ကိုယ်တည်းပြောပြီး ဆိုင်ရှိရာသို့ မြင်းကို အသော့နှင်လေတော့၏။

★



ရွှေဥ ...။

လူတစ်ယောက်၏နာမည်မဟုတ်ပါ။

စားသောက်ဆိုင်တစ်ဆိုင်၏ အမည်နာမတစ်ခုသာ ဖြစ်လေ၏။

စွန်းမင်းကျူးသည် ထိုစားသောက်ဆိုင်အတွင်းသို့ လှမ်းဝင်လိုက်သည်။

စွန်းမင်းကျူးသည် စားပွဲလွတ်တစ်ခုသို့ လျှောက်သွားပြီး ဝင်ထိုင်လိုက်သည်။

ထို့နောက် ဆိုင်လုလင်အား အရက်အိုးတစ်အိုးနှင့် ခေါက်ဆွဲကြော်တစ်ပွဲ မှာကြားလိုက်သည်။

မကြာမီမှာပင် ...

ဆိုင်လုလင်က စားစရာများ လာချပေးသဖြင့် စွန်းမင်းကျူး

www.burmeseclassic.com

www.burmeseclassic.com



သည် အရက်နှင့် ခေါက်ဆွဲကြော်များကို စားသောက်လိုက်သည်။

သူသည် ထိုသို့စားရင်းသောက်ရင်းဖြင့် ဆိုင်အတွင်းသို့ ဇေ့ဝဲ အကဲခတ်ကြည့်လိုက်သည်။

သူ့ခေါးကို နိုက်ယူသွားသည့် စောရကို ရှာဖွေခြင်း ဖြစ်သည်။

ဟော ... တွေ့ပါပြီ။

ထိုလူသည် စားသောက်ဆိုင်ထောင့်ရှိ စားပွဲတစ်ခုတွင် စားသောက်နေသည်။

"အင်း ... တွေ့ကြသေးတာပေါ့ကွာ"

သူသည် အကဲစမ်းသည့်အနေဖြင့် လှုပ်ရှားမှုတစ်ခုအား ပြုလုပ်လိုက်သည်။

'ဗိုး'

စွန်းမင်းကျူးက မိမိစားနေသော ခေါက်ဆွဲဖတ်ကို တူဖြင့်ညှပ်၍ ပစ်လွှတ်လိုက်သည်။

ခေါက်ဆွဲဖတ်များ၏ဦးတည်ရာလမ်းကြောင်းမှာ ဝတ်စုံနက်ဝတ်ထားသော စောစောက စောရဆီသို့ ဖြစ်သည်။

စွန်းမင်းကျူး ပစ်လိုက်သော ခေါက်ဆွဲမျှင်အား ဝတ်စုံနက်



ဝတ်ဆင်ထားသူက ရှောင်တိမ်းခြင်းမပြုဘဲ တူဖြင့် ကျွမ်းကျင်စွာ ပြန်၍ဖမ်းယူလိုက်သည်။

"ဟား ... ဟား ... ဟား"

စွန်းမင်းကျူးသည် အားပါးတရ ရယ်မောလိုက်သည်။

ဝတ်စုံနက်ဝတ်ဆင်ထားသူသည် တူနှင့်ညှပ်ထားသော ခေါက်ဆွဲမျှင်များကို စားပွဲပေါ်သို့ချရင်း ...

"မင်းက ဘာရယ်တာလဲ"

စွန်းမင်းကျူးက ထိုသူအား လှမ်းကြည့်လိုက်ပြီး ...

"ဒီလောက် ပျော့ပျောင်းနူးညံ့တဲ့ ခေါက်ဆွဲမျှင်ကိုတောင် လွယ်လွယ်ကူကူနဲ့ ဖမ်းနိုင်တယ်ဆိုတော့ မင်းပညာက ဘယ်ဆိုးလို့လဲကွ၊ ကဲပါလေ ... မင်း ငါ့ဆီက နိုက်ထားတဲ့ခေါးကို ငါ့ကိုပြန်ပေးရင် မင်းနဲ့ငါ ဘာရန်ငြိုးမှ မရှိတော့ဘူး"

ဝတ်စုံနက်နှင့်လူက အားပါးတရ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... မင်းခေါးကို နိုက်ယူလိုက်တဲ့လူ ဟာ ငါလို့ မင်း ဘယ်လိုလုပ်ပြီး စွပ်စွဲနိုင်တာလဲ"

စွန်းမင်းကျူးသည် ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဝန်မခံဘူးလား"

ဝတ်စုံနက်နှင့်လူက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဟောဗျာ ... ငါက ဘာကိုဝန်ခံရမှာလဲ"

စွန်းမင်းကျူးက မဲ့ပြုံးပြုံးလိုက်သည်။

"အေးလေ ကိစ္စမရှိပါဘူး ... ဝန်မခံရင် ဝန်ခံလာအောင် ငါလုပ်နိုင်တယ်"

သူသည် ယင်းသို့ပြောပြီး ထလိုက်လေသည်။

ထိုစဉ်မှာပင် ...

★



ထိုစဉ်မှာဝင် ...

စားသောက်ဆိုင်ထဲသို့ လူတစ်ယောက် ခုန်ဝင်လာသည်။

ထိုဝင်လာသောသူမှာ အလွန်ဝဖြိုးသော လူတစ်ယောက် ဖြစ်သည်။ ထိုလူမှာ လူဝသလောက် ပေါ့ပါးသွက်လက်ပုံရသည်။

သူ၏လက်ထဲတွင်လည်း ဆယ်ပိဿာထက် မလျော့သော ပုဆိန်ကြီးတစ်လက်ကိုလည်း ကိုင်ဆောင်ထားသည်။

ဝတ်စုံနက်ဝတ်ဆင်ထားသောလူသည် ထိုလူအား လှမ်း၍ မေးလိုက်သည်။

"ဟေ့ ... မင်းက ဘယ်သူလဲ"

ထိုလူက ပြုံးစစဖြင့် ...

"ကျုပ်နာမည် ကျားကြီးတဲ့ ... မှတ်ထား၊ မင်းနာမည်က ကော"

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနက်နှင့်လူက အေးဆေးစွာဖြင့် ...

"ကျုပ်နာမည် မုစန်းပါ၊ မင်းက ဒီကို ဘာလာလုပ်တာလဲ"

ကျားကြီးက ပခုံးတစ်ချက် တွန့်လိုက်ပြီး ...

"ဒီဆိုင်မှာ အရက်များသောက်မလားလို့ လာတာကွ"

မုစန်းက ကျားကြီးအား အေးစက်သောမျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး ...

"သွားကွာ ... ဘာအရက်မှ မသောက်နဲ့တော့၊ ရှုပ်တယ်"

ကျားကြီးက မဲ့ပြုံးပြုံးလိုက်ပြီး ...

"အံမယ် ... မင်းကများ ငါ့လာ လေကျယ်နေသေးတယ်"

သူသည် ယင်းသို့ပြောရင်း သူ၏ပုဆိန်ကြီးကို ဝှေ့ယမ်းပြီး စားပွဲတစ်ခု၏မျက်နှာပြင်သို့ ထုချလိုက်သည်။

'ဝုန်း'

စားပွဲ၏မျက်နှာပြင်သည် အလယ်တည့်တည့်မှ ထက်ခြမ်း နှစ်ပိုင်း ကွဲသွားလေသည်။

"ဟင်"

"ဟာ"

အာမေဋိတ်သံများ ဆူညံသွားပြီး ဆိုင်အတွင်းရှိ စား



သောက်နေသူများသည် ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။

ကျားကြီးက လှောင်ပြုံးပြုံးလိုက်ပြီး ...

"ကဲ ... ငါ့ရဲ့ပုဆိန်အကြောင်းကို မင်း သိပြီမဟုတ်လား၊ မင်းလိုကောင်ကို သုံးပိုင်းပိုင်းလိုက်မယ်ကွ"

မုစန်းကမူ တုန်လှုပ်ခြင်း အလျဉ်းမရှိဘဲ အေးဆေးစွာဖြင့် ...

"ဟေ့ကောင် ... မင်းရဲ့ပုဆိန်ကို ငါက ကြောက်ရမှာလား ကွ"

"မကြောက်ရင် စမ်းလိုက်လေကွာ"

"သိပ်စမ်းတာပေါ့ကွာ"

ထိုစဉ် ...

"ဟေ့ ... ရပ်လိုက်"

အော်သံတစ်သံသည် ဆိုင်ပေါက်ဝမှ ပေါ်ထွက်လာလေ သည်။

ထိုအော်သံကြောင့် စွန်းမင်းကျူးအပါအဝင် လူအားလုံး ဆိုင်ပေါက်ဝသို့ လှမ်းကြည့်မိသည်။

ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးသည် အံ့သြသွားမိသည်။

စွန်းမင်းကျူးသာမကပါ ... ဝင်လာသောသူအား ကြည့်ကာ ဆိုင်ထဲမှလူများကလည်း အံ့သြသွားကြပါသည်။

အမှန်စင်စစ် ဆိုင်ထဲသို့ ဝင်လာသောသူမှာ အလွန်ပိန်လှီလွန်းသော လူတစ်ယောက် ဖြစ်လေသည်။

ထိုလူ၏အသားအရေများမှာ ဖြူဖျော့ပြီး လူမမာရုပ်ပေါက်နေသည်။

ပို၍ထူးဆန်းအံ့သြဖွယ်ရာကောင်းသည်မှာ ...

ကျားကြီးဆိုသူသည် နောက်ဆုံးမှဝင်လာသော လူမမာရုပ်ပေါက်နေသောလူအား လွန်စွာ ကြောက်ရွံ့ရှိသေနေခြင်းပင်။

လူမမာရုပ်ပေါက်နေသောသူသည် ကျားကြီးကို အေးစိမ့်သောလေသံဖြင့် ...

"သိပ်အရေးကြီးတယ်၊ ငါနဲ့ လိုက်ခဲ့စမ်း"

ထိုအခါ ...

ကျားကြီးသည် ဦးခေါင်းကို ခပ်သွက်သွက် ညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ဦးလေး"



ထို့နောက် ...

သူတို့နှစ်ယောက်သည် စားသောက်ဆိုင်အတွင်းမှ လျှင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

★

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ...

စွန်းမင်းကျူးက တစ်စခန်းထရတော့သည်။

"ဟေ့ မုစန်း ... မင်း ငါ့ဓားကို ပြန်ပေးမလား၊ မပေးဘူးလား ... ဒါပဲပြော"

စွန်းမင်းကျူးသည် မုစန်းအား ပြောလိုက်လေသည်။

ဝတ်စုံနက်ဝတ်ဆင်ထားသော မုစန်းသည် သူ့အား ခပ်တည်တည်ဖြင့် ပြန်ပြောသည်။

"မင်းဓားကို ငါမှမယူတာ၊ ငါက ဘယ်လိုလုပ်ပြီး ပြန်ပေးရမှာလဲ"

စွန်းမင်းကျူးက ဒေါသထွက်လာသည်။

"အေး ... မင်းမပေးရင် ပေးတဲ့နည်းနဲ့ ငါ လုပ်ရလိမ့်မယ်"

မုစန်းကလည်း ပြန်လည်ပြောလိုက်သည်။



"မင်းက ငါ့ကို စိန်ခေါ်နေတာလား"

သူ၏စကားဆုံးသည်နှင့်တစ်ပြိုင်နက် စွန်းမင်းကျူးက ရုတ်တရက်လှုပ်ရှားလိုက်ရာ မုစန်းမှာ ကြမ်းပြင်ပေါ်သို့ ဖင်ထိုင်လဲကျလေတော့၏။

'ဝုန်း'

မုစန်း အံ့ဩထိတ်လန့်သွားသည်။

သူသည် စွန်းမင်းကျူး၏ သိုင်းကွက်ဆန်းကို တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံဖူးပေ။

ထိုစဉ် ...

စွန်းမင်းကျူးက မုစန်း၏ခန္ဓာကိုယ်ပေါ်မှ သွေးကြောကို ရုတ်တရက် ပိတ်လိုက်သည်။

စွန်းမင်းကျူးသည် မုစန်း၏သွေးကြောသုံးကြောကို လက်သုံးချောင်းဖြင့် ဖိထားလိုက်သည်။

"မင်းကို ငါ သွေးကြောနှိပ်ထားတယ်၊ ဒီထက်ပိုပြီး နှိပ်လိုက်ရင် မင်း ဒုက္ခရောက်သွားလိမ့်မယ် မုစန်း၊ အသက်အန္တရာယ်ရှိလိမ့်မယ်၊ ကဲ ... ကြာတယ်"

"အား ... အား ... လွှတ်ပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မုစန်းသည် ညည်းတွားလိုက်ပြီး အော်ဟစ်နေလေသည်။

"မင်း ငါ့ဓားကို ပြန်ပေးမလား၊ မပေးဘူးလား ... ဒါပဲ ပြော"

မုစန်းက ထိတ်လန့်ဟန်ဖြင့် ...

"ငါ မင်းဓားကို ပြန်ပေးပါ့မယ်"

စွန်းမင်းကျူးက ...

"တကယ်နော်"

"တကယ်ပါ ... လွှတ်ပါ လွှတ်ပါ"

စွန်းမင်းကျူးက ခေါင်းညိတ်လိုက်သည်။

"အေး ... ကောင်းပြီ၊ ဒီလိုဆိုရင် ပြန်ပေး"

"ဒါဆို ငါ့သွေးကြောတွေကို မနှိပ်ထားနဲ့တော့လေ"

စွန်းမင်းကျူးသည် မုစန်း၏ကိုယ်ပေါ်မှ သွေးကြောများကို နှိပ်ထားသော လက်ချောင်းများကို ပြန်ရုပ်သိမ်းလိုက်သည်။

မုစန်းသည် သွေးကြောများ ပွင့်သွားသောအခါ ကောင်တာ ရှေ့သို့ ပြေးသွားပြီး ဝှက်ထားသော စွန်းမင်းကျူး၏ဓားကို ဆွဲယူ လိုက်သည်။

ထို့နောက် ...



သူသည် ဓားကို စွန်းမင်းကျူး၏လက်ထဲသို့ ပြန်လည်ပစ် ပေးလိုက်ပြီး ဆိုင်ထဲမှ ထွက်ပြေးသွားလေတော့သည်။

စွန်းမင်းကျူးသည် သူ့စားပွဲခုံသို့ပြန်ထိုင်ပြီး စားလက်စ သောက်လက်စများကို ပြန်လည်စားသောက်လေတော့၏။

★★★

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၈)

ထန်ကျန်းမြို့ ...

ထန်ကျန်းမြို့၏သန်းခေါင်ယံအချိန် ...

စွန်းမင်းကျူးသည် ထန်ကျန်းမြို့သို့ ညသန်းခေါင်ယံအချိန်တွင် ရောက်ရှိလာသည်။

သူသည် ခရီးပန်းလာသဖြင့် လောလောဆယ်တွင် အနားယူရန် ညလုံးပေါက်ဖွင့်ထားသော စားသောက်ဆိုင်တစ်ဆိုင်အား လိုက်လံရှာဖွေရသည်။

မကြာမီ ...

သူသည် စားသောက်ဆိုင်တစ်ဆိုင်အား တွေ့မြင်လိုက်ရသည်။

ထိုစားသောက်ဆိုင်၏အမည်မှာ ချယ်ရီပန်းစားသောက်ဆိုင်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီပန်းစားသောက်ဆိုင်သည် အလွန်အဆင့်အတန်းမြင့်သော စားသောက်ဆိုင်တစ်ဆိုင်ဖြစ်သည်ကို စွန်းမင်းကျူး အကဲခတ်မိလိုက်လေသည်။

ထိုဆိုင်တွင် စွန်းမင်းကျူးက တစ်ညတာ အချိန်ဖြုန်းရန် ဆုံးဖြတ်မိသည်။

ထို့နောက် ...

ဆိုင်တာဝန်ခံနှင့် သွားရောက်တွေ့ဆုံကာ အခန်းတစ်ခန်း ငှားရမ်းလိုက်လေ၏။

ဆိုင်တာဝန်ခံသည် စွန်းမင်းကျူးအား တည်းခိုရန် အခန်းတစ်ခန်းကို ပေးသည်။

ဆိုင်တာဝန်ခံသည် ဆိုင်လုလင်တစ်ယောက်ကို ခေါ်၍ စွန်းမင်းကျူးအတွက် အခန်းလိုက်ပြရန် မှာကြားနေသည်။

ဆိုင်လုလင်က ပြောလိုက်သည်။

"ဆရာလေး ... ကျွန်တော်နဲ့ လိုက်ခဲ့ပါခင်ဗျာ"

"ဟုတ်ကဲ့"

သို့ဖြင့် ...

စွန်းမင်းကျူးသည် ဆိုင်အမှုထမ်းတစ်ဦး ခေါင်းဆောင်ရာ နောက်သို့ လိုက်သွားရာ ချယ်ရီပန်းစားသောက်ဆိုင်၏ အပေါ်ထပ်အခန်းကို ရလိုက်လေ၏။



ဆိုင်လုလင်သည် ခပ်ပြုံးပြုံးဖြင့် သူ့အား နှုတ်ဆက်ကာ အောက်ထပ်သို့ ပြန်ဆင်းသွားသည်။

စွန်းမင်းကျူးသည် အခန်းထဲသို့ ဝင်လိုက်သည်။

သူသည် ခုတင်ပေါ်သို့ ဓားနှင့် ခုနစ်ဝင်ထိုင်လိုက်ပြီး ခန္ဓာကိုယ်ကို ခုတင်ပေါ်၌ လဲလျောင်းလိုက်သည်။

ထိုစဉ် ...

"ကျွန်မ အခန်းမှားပြီး ဝင်လာတာပါရှင်"

မိန်းကလေးတစ်ယောက်၏အသံကို ကြားလိုက်ရလေသည်။

စွန်းမင်းကျူးက လွန်စွာအံ့သြသွားသည်။

သူသည် ဝင်လာသောမိန်းကလေးကို လှမ်းကြည့်မိလေသည်။

ထိုမိန်းကလေးသည် ခရမ်းရောင်ဝတ်စုံကို လှပစွာဝတ်ဆင်ထားလေသည်။

အသက်မှာ ဆယ့်ရှစ်နှစ်ခန့်သာ ရှိမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ခါးတွင်လည်း ဆောင်ဓားတစ်လက်ကို ချိတ်ထားလေသည်။

စွန်းမင်းကျူးက မိန်းကလေးအား စေ့စေ့ကြည့်လိုက်ပြီး မေးလိုက်၏။

"မိန်းကလေး ... မင်း ငါ့ကိုလုပ်ကြံဖို့ ဒီအခန်းထဲ ဝင်လာတာတော့ မဟုတ်ဘူးနော်"

ခရမ်းရောင်မိန်းကလေးက ပခုံးတစ်ချက်တွန့်လိုက်ပြီး ...

"ရန်ငြိုးမရှိတဲ့လူကို ကျွန်မ ဘယ်တုန်းကမှ လုပ်ကြံလေ့မရှိပါဘူး"

စွန်းမင်းကျူးက ခပ်တည်တည်ဖြင့် ...

"ဘယ်လိုမှအကြောင်းမထူးဘူးဆိုရင် မင်း ကျုပ်အခန်းထဲက ထွက်သွားနိုင်ပါပြီ"

သို့သော် ...

ခရမ်းရောင်မိန်းကလေးက ထွက်ခွာသွားခြင်း မရှိပါ။

သူမက ခေါင်းကို သွက်သွက်ခါယမ်းလိုက်သည်။

"ကျွန်မ ပြန်ဖို့လာတာမဟုတ်ဘူး"

စွန်းမင်းကျူးသည် အံ့ဩသွားသည်။



"မင်းပြောတော့ အခန်းမှားဝင်လာတာဆို"

ခရမ်းရောင်မိန်းကလေးက မဲ့ပြုံးပြုံးလိုက်ပြီ ...

"အခုအချိန်ကစပြီး ကျွန်မ ရှင့်ကိုသတ်ဖို့ ကြိုးစားမယ်"

သူမ၏စကားရပ်ကြောင့် စွန်းမင်းကျူးမှာ မျက်ခုံးတန်းနှစ်ခု အပေါ်သို့ မြင့်တက်သွားလေတော့၏။

"မိန်းကလေး ... မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ မင်း စောစောကပြောတော့ ရန်ငြိုးမရှိတဲ့လူ ရန်စမရှိတဲ့လူကို ဘယ်တုန်းကမှ လုပ်ကြံလေ့မရှိဘူးဆို"

ခရမ်းရောင်မိန်းကလေးက ပြုံးလိုက်ပြီး ...

"လုပ်ကြံတယ်ဆိုတာ တိတ်တိတ်ပုန်း သတ်တာ၊ အခု ကျွန်မ ပြောနေတာက ပြောင်ပြောင်တင်းတင်း ယှဉ်ပြိုင်တိုက်ခိုက်မယ်လို့ ပြောနေတာ၊ လုပ်ကြံတာနဲ့ သတ်တာနဲ့ မတူဘူး"

စွန်းမင်းကျူး အံ့ဩသွားသည်။

"နေစမ်းပါဦး ... မင်းက ငါ့ကိုယှဉ်သတ်လို့ နိုင်မယ်ထင်သလား၊ မင်းကို ငါ တစ်ခုတော့ ပြောမယ် ... မင်းနဲ့ ငါနဲ့ ရန်ငြိုးရှိသလား"

ခရမ်းရောင်မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်"

စွန်းမင်းကျူး ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဘယ်တုန်းကများ ထိုမိန်းကလေးနှင့် ရန်ငြိုးရှိခဲ့ပါလိမ့်ဟု အလျင်အမြန် စဉ်းစားလိုက်သည်။

မည်သို့မျှ စဉ်းစား၍မရပါ။

သူသည် ယခုမှသာ သိုင်းလောကထဲသို့ ဝင်လာခဲ့သူဖြစ်သည်။

မည်သူနှင့်မျှလည်း ပြဿနာဖြစ်ခဲ့ဖူးခြင်း မရှိ။ ထို့ကြောင့် မည်သူနှင့်မျှ ရန်ငြိုးဖွဲ့စရာအကြောင်းမရှိပါ။

သူသည် ခေါင်းတွင်တွင်ခါယမ်းလိုက်ပြီး ...

"ဒီမှာ မိန်းကလေး ... မင်းနဲ့ငါ ခုမှတွေ့ဖူးကြတာပါ။ ဘယ့်နှယ်ကြောင့် ရန်ငြိုးရှိနေရမှာလဲ"

ခရမ်းရောင်မိန်းကလေးက အေးစက်ခက်ထန်သော အကြည့်ဖြင့် စိုက်ကြည့်ရင်း ...

"ကျွန်မဟာ အဆိပ်ဘုရင် ဟုန်ကျွမ့်ရဲ့ညီမပဲ၊ ရှင်က ကျွန်မ အစ်ကိုကို လူပုံအလယ်မှာ အရှက်တကွဲ အကျိုးနည်းအောင် လုပ်ခဲ့တယ် မဟုတ်လား၊ အဲဒါ ကျွန်မနဲ့ရှင်နဲ့ ရန်ငြိုးရန်စပဲပေါ့"



စွန်းမင်းကျူးသည် ယခုမှ နားလည်သဘောပေါက်သွားတော့သည်။

ထို့ကြောင့် ကမန်းကတန်း ရှင်းလင်းပြောကြားလိုက်သည်။

"ဒါက ဒီလိုရှိတယ် မိန်းကလေး ... ကျုပ်က သူ့ကို တမင် အရှက်ခွဲချင်လို့ ခွဲတာမဟုတ်ဘူး။ သူက စလို့ ကျုပ်က ကာကွယ်တာပဲ၊ မင်း ကျုပ်ကိုလည်း အနိုင်မတိုက်နိုင်ပါဘူး"

မိန်းကလေး၏မျက်နှာ တင်းခနဲ ဖြစ်သွားသည်။

"ရှင်က ဘာကောင်မို့လို့လဲ"

ခရမ်းရောင်မိန်းကလေးသည် ခါးမှဓားကို ဆွဲထုတ်ပြီး တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

စွန်းမင်းကျူးက လက်ကာပြရင်း အေးဆေးစွာပင် ရှင်းပြလိုက်ပြန်လေ၏။

"မင်းရဲ့အစ်ကိုကို ကျုပ် ရန်ငြိုးမထားသလို အခု မင်းကိုလည်း ကျုပ် ရန်ငြိုးမထားဘူးဆိုတာ ယုံပါ"

ထိုအခါ ...

ခရမ်းရောင်မိန်းကလေးသည် စွန်းမင်းကျူးအား ခွန်းတုံ့ပြန် ပြောဆိုခြင်းမရှိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခားကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် စွန်းမင်းကျူးအနီးသို့ တစ်လှမ်းချင်းတိုးသွားလေသည်။

တရကြမ်းတိုက်ခိုက်တော့မည့်ဟန်ပင်။

စွန်းမင်းကျူးက လက်ကာပြရင်း ...

"မိန်းကလေး ... ကျုပ်ပြောတာတွေဟာ အမှန်ပါပဲ"

မိန်းကလေးက ဘာမျှပြန်မပြောဘဲ ခားကို အပေါ်သို့ မြှောက်တင်လိုက်သည်။

ထိုစဉ်မှာပင် ...

ညဥ့်ယံအား ထိုးဖောက်ပြီး တေးသံတစ်သံ ပျံ့လွင့်ထွက်ပေါ်လာလေတော့သည်။

တေးသံနှင့်အတူ ငြိမ့်ညောင်းသော ပလွေသံတစ်သံလည်း ထွက်ပေါ်လာသည်။

အနိမ့်အမြင့် ညီညာပြေလျောသောချိုသာသည့် ပလွေသံနှင့် တေးသံက သူတို့နှစ်ယောက်စလုံးအား ဖမ်းစားထားလေတော့သည်။

ပလွေသံသည် တဖြည်းဖြည်း ဝေးကွာသွားသည်။

စွန်းမင်းကျူးနှင့် ခရမ်းရောင်မိန်းကလေးတို့သည် ခေတ္တမျှ



ငြိမ်သက်သွားကြလေသည်။

သို့သော် ပထမဦးစွာ လှုပ်ရှားလာသူမှာ ခရမ်းရောင်မိန်းကလေးပင် ဖြစ်သည်။

သူမသည် ခားကို ခားအိမ်တွင်းသို့ လျင်မြန်စွာ ပြန်ထည့်လိုက်ပြီး စွန်းမင်းကျူး၏အခန်းတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

စွန်းမင်းကျူးမှာလည်း သူမနောက်သို့ ပြေးလိုက်သွားသည်။

ခရမ်းရောင်မိန်းကလေးသည် ကိုယ်ဖော့ပညာကိုသုံး၍ တရိပ်ရိပ်ပြေးနေသည်။

စွန်းမင်းကျူးက မျက်ခြည်ပြတ်မခံဘဲ သူမနောက်မှ လိုက်နေသည်။

ရှမဟန်၏တေးသံနှင့် ပလွေသံမှာ လုံးဝကွယ်ပျောက်သွားပြီဖြစ်သည်။

မကြာမီမှာပင် ...

သူမသည် မြို့စွန်ရှိ တုံမျိုးနွယ်စုဘုံကျောင်းအတွင်းသို့ ဇွေခနဲ ခုန်ဝင်သွားသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးသည်လည်း ခရမ်းရောင်မိန်းကလေးနောက်မှ ဘုံကျောင်းပျက်အတွင်းသို့ လိုက်ဝင်သွားသည်။

ဘုံကျောင်းပျက်အတွင်းသို့ရောက်မှ ပို၍တိတ်ဆိတ်ငြိမ်သက်သွားသကဲ့သို့ ရှိနေသည်။

ခရမ်းရောင်မိန်းကလေးသည် ဘုံကျောင်းပျက်အတွင်း၌ မတ်တတ်ရပ်နေသည်။

ထို့နောက် ...

သူမသည် ဆက်လက်ပြေးလွှားခြင်း မပြုတော့ဘဲ စွန်းမင်းကျူးအား ထိပ်တိုက်ရင်ဆိုင်လိုက်ခြင်း ဖြစ်လေသည်။

ခရမ်းရောင်မိန်းကလေးက သူ့အား စေ့စေ့ကြည့်ကာ အေးစက်သောလေသံဖြင့် ...

"ရှင် ... ကျွန်မနောက်ကို ဘာကြောင့် လိုက်လာရတာလဲ"

စွန်းမင်းကျူးက ဦးခေါင်းကို ခပ်သွက်သွက် ခါယမ်းလိုက်သည်။

"ကျုပ် မင်းနောက်ကို လိုက်လာတာမဟုတ်ပါဘူး"

ခရမ်းရောင်မိန်းကလေးက မဲ့ပြုံးပြုံးလိုက်သည်။

"ရှင် ကျွန်မနောက်ကို မလိုက်ရင် ဘာဖြစ်လို့ ကျွန်မနဲ့ အတူ



တူ ဘုံကျောင်းထဲ လိုက်ဝင်လာရတာလဲ"

စွန်းမင်းကျူးသည် အမှန်အတိုင်း ပြောတော့မည်ဟု စဉ်းစားလိုက်သည်။

'ဗိုး'

ဟူသော အသံတစ်ခုကို ကြားလိုက်ရသဖြင့် စွန်းမင်းကျူးသည် ခုန်ရှောင်လိုက်သည်။

အမှန်စင်စစ် ခရမ်းရောင်မိန်းကလေးသည် အလွန်လျင်မြန်သော တိုက်ကွက်တစ်ကွက်ဖြင့် စွန်းမင်းကျူးအား တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်ပါသည်။

"မိန်းကလေး မလုပ်နဲ့"

စွန်းမင်းကျူးသည် ရှောင်တိမ်းရင်း တားလိုက်သော်လည်း ခရမ်းရောင်မိန်းကလေး သိုင်းသုံးကွက်သည် စွန်းမင်းကျူးအား တိုက်ခိုက်ပြီးသား ဖြစ်သွားသည်။

စွန်းမင်းကျူးသည် ပြန်လည်တိုက်ခိုက်ခြင်းမရှိဘဲ မိန်းကလေး၏ ဓားချက်များကိုသာ ရှောင်တိမ်းနေသည်။

'ခြိမ်း'

'ထန်'

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းရောင်မိန်းကလေး၏ဓားချက်နှစ်ချက်သည် ပြင်းထန်သော အရှိန်အဟုန်ဖြင့် ဘုံကျောင်း၏အလယ်တိုင်ကို ထိမှန်သွားလေသည်။

စွန်းမင်းကျူးက ရှောင်တိမ်းရင်း လှမ်းအော်လိုက်ပြန်လေသည်။

"မိန်းကလေး ... မင်း လွန်နေပြီနော်"

သူ၏စကားသံအဆုံးတွင် ခရမ်းရောင်မိန်းကလေး၏ ဓားချက်သုံးချက်က ရောက်ရှိလာပြန်သည်။

စွန်းမင်းကျူးသည် ကိုယ်ဖော့ပညာသုံး၍ ခုန်ရှောင်လိုက်ရာ ခရမ်းရောင်မိန်းကလေး၏နောက်သို့ ရောက်ရှိသွားလေသည်။

မိန်းကလေး ပြန်လှည့်စဉ်တွင် စွန်းမင်းကျူးက သူမထက် ဦးအောင် မိန်းကလေး၏ဓားကိုင်လက်နှင့် အခြားလက်တစ်ဖက်ကိုပါ ဖမ်းလိုက်လေသည်။

ခရမ်းရောင်မိန်းကလေးက ဒေါသနှင့် ပြောသည်။

"လွှတ်စမ်း ... ရှင် ကျွန်မကို လွှတ်နော်"

ယခုအခါ သူမ၏လက်တွင်းမှဓားသည် မည်သို့မျှ အသုံးမဝင်တော့ပါချေ။



စွန်းမင်းကျူးက လေသံခပ်မာမာဖြင့် ...

"မင်းကို လွှတ်လို့မဖြစ်ဘူး၊ မင်းနဲ့ကျုပ် အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့"

ခရမ်းရောင်မိန်းကလေးက ဒေါသသံဖြင့် ...

"မလိုချင်ဘူး၊ ရှင်နဲ့ကျွန်မ ဆွေးနွေးစရာလည်း မလိုဘူး၊ ဒီမှာ ... ရှင် ကျွန်မကို လွှတ်မလား၊ မလွှတ်ဘူးလား ... ဒါပဲပြော"

စွန်းမင်းကျူးသည် ဒေါသထွက်သွားလေသည်။

"ဒီလောက်တောင်ဖြစ်နေတာ ... မလွှတ်ဘူးကွာ"

ထိုစဉ်မှာပင် ...

"မိတ်ဆွေကြီး ... လွှတ်ပေးလိုက်ပါဗျာ"

ဘုံကျောင်း၏အထဲမှ အသံတစ်သံသည် တည်ငြိမ်အေးဆေးစွာ ထွက်ပေါ်လာတော့သည်။

★★★

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၉)

"မိတ်ဆွေကြီး စွန်းမင်းကျူး ... ခင်ဗျား ရှမ်းရှမ်းကို လွှတ်ပေးလိုက်ပါ"

ထိုအသံကို ကြားလိုက်ရသဖြင့် ဖက်ထားသော ခရမ်းရောင်မိန်းကလေးကို လွှတ်ပေးလိုက်ရလေတော့သည်။

ထိုစဉ်မှာပင် ...

တိုင်အကွယ်မှ အသံက ထပ်မံ၍ထွက်ပေါ်လာပြန်လေသည်။

"ရှမ်းရှမ်း ... မင်းဟာ ဒီလောက်နုနယ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်ပြီး လူတစ်ယောက်ကို ရက်ရက်စက်စက် သတ်ဖြတ်ဖို့ ကြိုးစားတာဟာ မလွန်လွန်းဘူးလား"

ရှမ်းရှမ်းဟုခေါ်သော မိန်းကလေးသည် အသံရှင်အား ဘာမှပြန်မပြောဘဲ ဓားကို ရုပ်သိမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

'ဖျပ် ဖျပ် ဖျပ်'

ညင်သာသောခြေသံတစ်သံကို ကြားလိုက်ရသည်။

ခြေသံနှင့်မရှေးမနှောင်းမှာပင် တိုင်အကွယ်မှ လူတစ်ယောက် ထွက်လာလေသည်။

အမှန်စင်စစ် ...

ထိုလူမှာ ပလွေသံရှင် ရှုမဟန်ပင် ဖြစ်လေတော့သည်။

"ဆရာ"

"ရှုမဟန်"

ရှမ်းရှမ်းနှင့် စွန်းမင်းကျူးတို့၏အသံများသည် ပြိုင်တူထွက်သွားကြတော့သည်။

★



ရှုမဟန် ...။

ရှုမဟန်သည် စာစ်ပေခန့်ရှည်သော ငွေရောင်ပလွေကို ကိုင်ထားသည်။

သူ၏အကြည့်သည် စူးရှတောက်ပနေသည်။

ပလွေသံရှင် ရှုမဟန်ဆိုသည်မှာ ချောမောခန့်ညားသော လူရွယ်တစ်ယောက်သာ ဖြစ်သည်။

ထိုစဉ်မှာပင် ရှုမဟန်က ချိုလွင်စွာ ပြုံးလိုက်ပြီး ...

"လေးစားပါတယ် မိတ်ဆွေကြီး စွန်းမင်းကျူး၊ ကျုပ်ရဲ့စာကို ရရချင်း ကျုပ်ဆီကို လာခဲ့တာလား မိတ်ဆွေ"

ဟု ပြောလိုက်လေသည်။

သူ၏ညင်သာသောအသံက စွန်းမင်းကျူး၏ နားထဲသို့ စိမ့်ဝင်သွားသကဲ့သို့ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ … ခင်ဗျားရဲ့စာ ကျွန်တော်ရပါတယ်၊ ဒါကြောင့် ခင်ဗျားဆီကို ကျွန်တော်လာခဲ့တာပါ"

"လေးစားပါတယ်မိတ်ဆွေ"

ရှမ်းရှမ်းဆိုသော ခရမ်းရောင်မိန်းကလေးသည် စွန်းမင်းကျူးအား တစ်ချက်မော့ကြည့်လိုက်ပြီး စိတ်ထဲတွင် စဉ်းစားလိုက်မိသည်။

"ဩော် … သူက ဆရာဖိတ်ခေါ်လာတဲ့ သူကိုး၊ သူ့ကို ကြည့်ရတာ ရက်စက်ယုတ်မာမယ့်ပုံတော့ မဟုတ်ပါဘူး"

ထိုစဉ်မှာပင် …

"ကဲ … ထိုင်ကြပါဗျာ၊ ဘုံကျောင်းပျက်ဆိုတာ ဒီအတိုင်းပဲ ထိုင်ရမှာပဲ"

ရှမဟန်က ဦးစွာ ထိုင်ချလိုက်သည်။

"ကဲ … ကျုပ်တို့အားလုံး ဝါးရွက်စိမ်းအရက်ကို သောက်ပြီး စကားပြောကြရအောင်"

ရှမဟန်၏တည်ငြိမ်သောစကားသံအဆုံးတွင် စွန်းမင်းကျူးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ခင်ဗျ"



သူသည် ပြောပြီး ရှမ်းရှမ်းအား တစ်ချက်လှမ်းကြည့်အကဲခတ်လိုက်သည်။

ရှမ်းရှမ်း၏မျက်နှာသည် ယခင်တွေ့စကကဲ့သို့ တင်းမာနေခြင်းမျိုး မရှိတော့ချေ။

ထိုစဉ်မှာပင် ရှမဟန်က စကားစလိုက်လေသည်။

"သောက်စမ်းပါ မိတ်ဆွေ၊ ဟောဒီက အမြည်းကိုလည်း စားစမ်းပါဗျာ"

သူသည် ယင်းသို့ပြောပြီးနောက် …

အရက်အိုးကို စွန်းမင်းကျူး၏အနားသို့ တိုးပေးလိုက်လေသည်။

စွန်းမင်းကျူးသည် အရက်အိုးကို လှမ်းယူလိုက်ပြီး တစ်ကျိုက်မော့သောက်လိုက်၏။

သူသည် အရက်အိုးကို ပြန်ချလိုက်ပြီး ရှမဟန်အား ကြည့်လိုက်သည်။

"ဒီအရက်က ဘယ်ကရတာလဲ"

ရှမဟန်က ပြုံးလိုက်ပြီး …

"ကျုပ်ကို ခင်မင်လေးစားကြတဲ့ ရှမ်းရှမ်းတို့နဲ့ ဘုံကျောင်း

www.burmeseclassic.com

www.burmeseclassic.com



နားကလူတွေက လာပေးကြတာပါ"

ရှမ်းရှမ်းသည် ငြိမ်သက်စွာ ထိုင်နေ၏။ သူမသည် ရှမဟန် အား စိုက်ကြည့်နေသည်။

ရှမဟန်ကမူ ဘုံကျောင်းအပြင်ဘက်သို့ လှမ်းမျှော်ကြည့်နေ သည်။

အတန်ကြာမှ ရှမဟန်က စကားဆက်လိုက်သည်။

"မိတ်ဆွေကို ဖိတ်ခေါ်ရတဲ့ အကြောင်းရင်းအမှန်ကို မိတ် ဆွေ မသိသေးဘူးမဟုတ်လား"

စွန်းမင်းကျူးက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ... မသိရသေးပါဘူး"

ရှမဟန်က တည်ငြိမ်သောလေသံဖြင့် ...

"ကျုပ် မိတ်ဆွေကိုခေါ်ရတဲ့အကြောင်းကတော့ ယောဒိက ရှမ်းရှမ်းနဲ့ မိတ်ဆွေတို့ ရင်းနှီးသွားအောင် မိတ်ဆက်ပေးဖို့ပါပဲ"

"ခင်ဗျာ"

ထိုအခါ ...

စွန်းမင်းကျူးသည် မမျှော်လင့်သော စကားကြောင့် အံ့သြ သွားလေသည်။



ထို့နောက် ...

သူသည် ရှမ်းရှမ်းအား လှမ်းကြည့်လိုက်သည်။

ရှမ်းရှမ်းမှာလည်း စွန်းမင်းကျူးကဲ့သို့ပင် အံ့သြလျက် ရှိ သည်။

ရှမဟန်က စကားဆက်လိုက်သည်။

"ရှမ်းရှမ်းရဲ့အစ်ကို ဟုန်ကျူမ့်ဟာ အခုအချိန်မှာ သိုင်းလော ကထဲက ထွက်ပြီး အနားယူသွားပါပြီ"

စွန်းမင်းကျူးက မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဘာဖြစ်လို့လဲ"

ရှမဟန်က ခေါင်းညိတ်လိုက်ပြီး ...

"သူဟာ သိုင်းလောကထဲမှာ အဆင့်မြင့်အဆိပ်ပညာရှင် တစ်ယောက်အဖြစ်နဲ့ အင်မတန် နာမည်ကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက် ပါပဲ ...၊

ဒါပေမဲ့ တစ်နေ့မှာ သူဟာ ရွှေကျားဂေဟာမှာ လူတစ် ယောက်ရဲ့တိုက်ခိုက်မှုကြောင့် အကြီးအကျယ် အရှက်ရသွားခဲ့တယ်၊ သူဟာ ဒဏ်ရာလည်း ရသွားခဲ့တာကိုး"...၊

အဲဒီနောက်ပိုင်းမှာ သူဟာ ရှက်လည်း ရှက်၊ သိုင်းလောက

www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်လည်းနာတာနဲ့ သိုင်းလောကထဲက အပြီးအပိုင် ထွက်သွားခဲ့တယ်လို့ ကျုပ်ကြားခဲ့တယ်၊ သူ့ကို အနိုင်ယူ တိုက်ခိုက်သွားတဲ့လူကတော့ မိတ်ဆွေ စွန်းမင်းကျူးပါပဲ"

ရှမဟန်သည် ထိုအဖြစ်အပျက်ကို အေးအေးဆေးဆေးပင် ရှင်းပြနေသည်။

သို့သော် ...

စွန်းမင်းကျူးကလည်း အေးအေးဆေးဆေးပင်။

အဘယ်ကြောင့်ဆိုသော် ...

ထိုဖြစ်ရပ်၌ သူသည် ပြစ်မှုကျူးလွန်ခဲ့သူ မဟုတ်ပေ။

ထိုစကားကြောင့် ရှမ်းရှမ်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

ရှမဟန်က စကားဆက်လိုက်ပြန်သည်။

"ရှမ်းရှမ်းဟာ သူ့အစ်ကို လူပုံအလယ်မှာ အရှက်ရသွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မိတ်ဆွေကို တော်တော်မကျေမနပ်ဖြစ်တယ်၊ ဒါကြောင့် ကျုပ်ကသူ့ကို အာဃာတမထားဖို့ ဖျောင်းဖျခဲ့တယ် ...၊

ဒီနေ့တော့ တိုက်တိုက်ဆိုင်ဆိုင်ပဲ မိတ်ဆွေကော ရှမ်းရှမ်းပါ ကျုပ်ဆီကို ရောက်လာကြတယ် ...၊



ကျုပ် ဒီအတွက် အလွန်ဝမ်းသာပါတယ်၊ ကြို့လည်း ကြို့ဆိုပါတယ် ...၊

လောကမှာ ရန်ငြိုးရန်စကို ချေမှုန်းအောင်နိုင်တဲ့ လက်နက်ဟာ ခွင့်လွှတ်သည်းခံခြင်းပါပဲ၊ အဲဒီလက်နက်ကို မိတ်ဆွေရော ရှမ်းရှမ်းရော သုံးတတ်ဖို့ လိုပါတယ်"

ရှမဟန်က စကားစကို ခေတ္တခဏဖြတ်ရင်း နှစ်ယောက်စလုံးကို ကြည့်လိုက်သည်။

ရှမ်းရှမ်းက ရှမဟန် ဆက်ပြောလာမည့်စကားကို နားစွင့်နေမိသည်။

စွန်းမင်းကျူးက ...

"ကျွန်တော်ကတော့ ဘယ်လိုမှ ရန်ငြိုးမထားပါဘူးဗျာ၊ သူ့အစ်ကိုက ကျွန်တော့်ကို တိတ်တဆိတ် လုပ်ကြံတဲ့ကိစ္စပါ၊ နောက်ပြီး ကျွန်တော်က သူ့အစ်ကိုကို တိတ်တဆိတ်ပြန်ပြီး လုပ်ကြံတာလည်း မဟုတ်ပါဘူး၊ လူပုံအလယ်မှာ ယှဉ်ပြိုင်ကြတာပါ !...၊

အဲဒီပြိုင်ပွဲမှာ သူ့အစ်ကို ရှုံးသွားတယ်၊ ဒါကို သူ့ညီမက သူ့အစ်ကိုအတွက် ကျွန်တော့်ကို ရန်ငြိုးထားတာပါ၊ ကျွန်တော်ပြောတာ ရှင်းပါတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



ရှမဟာန်က ခေါင်းညိတ်လိုက်၏။

"ကျုပ်လည်း ဒီအတိုင်းပဲ သိထားပါတယ်"

သူသည် စကားဆုံးသည်နှင့် ရှမ်းရှမ်းဘက်သို့ လှည့်လိုက်သည်။

"ရှမ်းရှမ်း ... အခု သူပြောတာကို ကြားတယ်မဟုတ်လား၊ ကျုပ်သိထားတာလည်း ဒီအတိုင်းပါပဲ၊ အခုကိစ္စမှာ စွန်းမင်းကျူးဟာ ပြစ်မှုကျူးလွန်တဲ့လူ မဟုတ်တာကို အေးကကြည့်နေကြတဲ့လူတိုင်း သိကြပါတယ်လေ"

သူသည် ရှမ်းရှမ်းကို ကြည့်လိုက်၏။

ရှမ်းရှမ်းမှာ ခေါင်းငုံ့နေတော့သည်။ မည်သည့်စကားကိုမှ မဆို။

ထို့နောက် ရှမဟာန်က ဆက်၍ပြောပြနေသည်။

"ရှမ်းရှမ်းရဲ့အစ်ကိုကသာ စတင်ကျူးလွန်သူဖြစ်ပါတယ်၊ သူက ရှမ်းရှမ်းရဲ့အစ်ကိုကို ဒီလိုလုပ်ကြတယ်ဆိုရင်တော့ သူ့ရဲ့အလွန်ပဲ၊ အခုတော့ ..."

ရှမ်းရှမ်းက မပွင့်တပွင့် ပြောလေ၏။

"ဟုတ် ... ဟုတ်ပါတယ်ဆရာ၊ ရှမ်းရှမ်းလည်း မခံချင်စိတ်နဲ့ သူ့အပေါ်မှာ ရန်ငြိုးဖွဲ့မိတာပါ ဆရာ"



ရှမဟာန်က ...

"အဲဒါကို ဆရာပြောတာပေ့ါ၊ ပြဿနာကို ဂဃနဏမခွဲထုတ်တော့ အဲဒီလိုဖြစ်ကုန်တာပဲ၊ ရှမ်းရှမ်းရဲ့ရန်ငြိုးတွေကို ဒီအချိန်ကစပြီး ဖျောက်ဖျက်ပစ်လိုက်ပါတော့"

စွန်းမင်းကျူးနှင့်ရှမ်းရှမ်းတို့သည် ရှမဟာန်၏စကားကို ငြိမ်သက်စွာ နားထောင်နေကြသည်။

ထို့နောက် ...

စွန်းမင်းကျူး၏စိတ်ထဲတွင် ရှမဟာန်အား လေးစားကြည်ညိုလာလေတော့သည်။

အချိန်မှာ ညဉ့်နက်သန်းခေါင်ကျော် အချိန်လွန်သွားပြီ ဖြစ်သည်။

ရှမဟာန်သည် ထိုင်ရာမှထလိုက်ပြီး ...

"ကဲ ... ကျုပ်ကို ခွင့်ပြုပါဦး၊ ဘုရားဝတ်ပြုလိုက်ဦးမယ်၊ မိတ်ဆွေ ပြန်ချင်တဲ့အချိန် ပြန်နိုင်ပါတယ်ဗျာ၊ မိတ်ဆွေကြီးကို တွေ့ချင်တဲ့ကိစ္စကလည်း ဒီကိစ္စပါပဲ၊ အခုတော့ တိုက်တိုက်ဆိုင်ဆိုင် ကြုံရတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘုံကျောင်းအတွင်းရှိ ဘုရားခန်းဘက်သို့ ဝင်ရောက်သွားလေတော့သည်။

★



ဘုံကျောင်း၏ဧည့်ခန်းတွင် စွန်းမင်းကျူးနှင့် ရှမ်းရှမ်းတို့နှစ်ဦးသာ ကျန်ရစ်ခဲ့ကြသည်။

စွန်းမင်းကျူးက ...

လေသံခပ်တိုးတိုးဖြင့် ခေါ်လိုက်သည်။

"ရှမ်းရှမ်း"

ရှမ်းရှမ်းက သူ့အား မျက်လုံးလှန်ကြည့်လိုက်ပြီး ...

"ဘာပြောမလို့လဲရှင့်"

စွန်းမင်းကျူးက ပြုံးလိုက်ပြီး ...

"ပြောစရာတွေ့ အထူးမရှိပါဘူးကွာ၊ ကျုပ်တို့ အပြင်ကိုထွက်သွားပြီး စကားပြောကြရအောင်"

ရှမ်းရှမ်းက စွန်းမင်းကျူးအား လှမ်းကြည့်လိုက်ပြီး ...

"ဒီမှာပြောလည်း ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



စွန်းမင်းကျူးက ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဆရာရှုမဟန်ကို အနှောင့်အယှက်ပေးသလို ဖြစ်နေမှာပေါ့"

စွန်းမင်းကျူးသည် ရှုမဟန်အား ဆရာရှုမဟန်ဟု ခေါ်ဝေါ် သုံးနှုန်းလိုက်ပါသည်။

ယခု ...

စွန်းမင်းကျူးအပေါ်ထားရှိသော ရှမ်းရှမ်း၏အာဃာတ များသည် ကင်းစင်လွင့်ပျောက်သွားခဲ့လေပြီ။

ထိုအပြင် ...

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် မိတ်ဆွေရင်းချာကဲ့သို့ ခင်မင်စိတ်များ ဖြစ်ပေါ်လာခဲ့သည်။

ရှမ်းရှမ်းက စွန်းမင်းကျူးအား တစ်ချက်ကြည့်လိုက်ပြီး ...

"သွားလေ အစ်ကို၊ ဒါပေမဲ့ ..."

စွန်းမင်းကျူးက မျက်မှောင်ကြုတ်လိုက်ပြီး ...

"ဒါပေမဲ့ ဘာဖြစ်သလဲ ရှမ်းရှမ်းရဲ့"

ရှမ်းရှမ်းက စိုးရိမ်စွာဖြင့် ...

"အဝေးကြီးသွားလို့ မဖြစ်ဘူးနော် အစ်ကို"



စွန်းမင်းကျူးက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ညီမရယ် ... အစ်ကိုလည်း အဝေးကြီးသွားဖို့ မစဉ်းစားပါဘူး၊ ခဏတစ်ဖြုတ် စကားပြောပြီးရင် အစ်ကိုလည်း ပြန်မှာပါ"

ဤသို့ဖြင့် ...

သူတို့နှစ်ယောက်သည် ဘုံကျောင်း၏အပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။

သူတို့နှစ်ယောက်သည် ဘုံကျောင်းနှင့် ခပ်လှမ်းလှမ်းသို့ လျှောက်မိသောအခါ ရှမ်းရှမ်းက စွန်းမင်းကျူးဘက်သို့ လှည့်လိုက်ပြီး ...

"ဒီမှာပဲ စကားပြောကြရအောင် အစ်ကို"

နှစ်ယောက်စလုံး ခြေလှမ်းရပ်လိုက်ကြသည်။

ထို့နောက် ...

သူတို့နှစ်ယောက်သည် သစ်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်ချလိုက်ကြသည်။

လရောင်သည် မှိန်ဖျော့ဖျော့သာ သာနေသည်။

ထိုလရောင်အောက်တွင် တုံမျိုးနွယ်စုဘုံကျောင်းသည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်နေသည်။

စွန်းမင်းကျူးသည် ရှမ်းရှမ်းအား တစ်ချက်ကြည့်လိုက်ပြီး…

"ရှမ်းရှမ်း"

သူ၏ခေါ်သံကြောင့် ရှမ်းရှမ်းက မျက်လုံးလှန်၍ …

"ဘာလဲ အစ်ကို … ပြောလေ"

စွန်းမင်းကျူးသည် တည်ငြိမ်သောလေသံဖြင့် …

"မင်း ကျုပ်ကို ရန်သူလို သဘောမထားတော့ဘူး မဟုတ်လား"

ရှမ်းရှမ်းက သူ့အား တောင်းပန်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

ထို့နောက် …

သူမသည် ခေါင်းညိတ်လိုက်ပြီး …

"ဟုတ်ကဲ့ … ကျွန်မ ရှင့်ကို အရင်တုန်းက အထင်မှားခဲ့ပါတယ်"

စွန်းမင်းကျူးက …

"အခုကော အထင်မှားသေးလား ညီမရယ်၊ အစ်ကိုဟာ ရန်သူမဟုတ်ပါဘူး"



ရှမ်းရှမ်းက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"မမှားတော့ပါဘူး၊ ကျွန်မ ဆရာရှမဟာန်ရဲ့စကားကို ဘယ်တုန်းကမှ မဆန့်ကျင်ခဲ့ပါဘူး၊ အခုလည်း သူ့စကားကို နားထောင်ပြီး အစ်ကိုဟုန်ကျွမ့်နဲ့ပတ်သက်တဲ့ ရှင့်အပေါ် ထားသမျှ အာဃာတမှန်သမျှကို မေ့ပစ်လိုက်ပါပြီရှင်"

စွန်းမင်းကျူးက ပြုံးလိုက်ပြီး …

"ကျေးဇူးတင်ပါတယ် ရှမ်းရှမ်း"

ရှမ်းရှမ်းက သူ့အား ဖျတ်ခနဲမော့၍ ကြည့်လိုက်ပြီး …

"ဒါနဲ့ ရှင်ပြောမယ့်စကားက ဒါပဲလား"

စွန်းမင်းကျူးက ကပျာကယာ ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူး"

ရှမ်းရှမ်းက စိတ်မရှည်ဟန်ဖြင့် …

"ပြောစရာရှိတာ ပြောပါ"

စွန်းမင်းကျူးက တည်ကြည်လေးနက်သောလေသံဖြင့် …

"ညီမနဲ့ ဆရာရှမဟာန်နဲ့ သိကျွမ်းခင်မင်တာ ကြာပြီလားဟင်"

ရှမ်းရှမ်းက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... နှစ်နှစ်လောက်တော့ ရှိမယ်ထင်တယ်၊ ဘာဖြစ်လို့လဲ"

စွန်းမင်းကျူးက အံ့ဩသော အမူအရာဖြင့် ...

"ဩော် ... ညီမနဲ့ တော်တော်ရင်းနှီးတယ်နော်"

ရှမ်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ ကျွန်မဖေဖေနဲ့ ပိုရင်းနှီးတာပါ၊ ဖေဖေနဲ့ရင်းနှီးပြီးမှ ကျွန်မနဲ့ ရင်းနှီးတာပါ"

စွန်းမင်းကျူးက မျက်မှောင်တစ်ချက် ကြုတ်သွားလေတော့သည်။

အတန်ကြာမှ သူက စကားဆက်လိုက်သည်။

"သူနဲ့ ညီမဖေဖေနဲ့ ဘယ်လိုရင်းနှီးသွားကြတာလဲ"

ရှမ်းရှမ်းက ရှင်းပြလိုက်သည်။

"ဖေဖေ့ကို ဆေးကုပေးရင်းနဲ့ ရင်းနှီးသွားတာပါ"

စွန်းမင်းကျူးသည် တိဗက်လူမျိုး ရှမဟာန်ကို စိတ်ဝင်စားနေသည်။

သူ့အမြင်အရ ရှမဟာန်သည် ငြိမ်းချမ်းရေးသမား ဖြစ်လေ၏။



ရှမဟာန်ကို တိုက်ရိုက်မေးသော် သူ့အကြောင်းကို အမှန်အတိုင်း ပြောချင်မှ ပြောပြပေလိမ့်မည်။

ထို့ကြောင့် လှည့်ပတ်မေးမြန်းခြင်းဖြင့် ရှမဟာန်အကြောင်း သိလာလိမ့်မည်ဟု သူ ယူဆမိလေ၏။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (ဓာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com

www.burmeseclassic.com